# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၉၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၄

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု အမှာစကား ပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်သည်။

အဆိုပါ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မအင်ကြင်းအောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများနှင့် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

❑ *ရှေ့ဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများနှင့် တပ်မတော်ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံအရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အထောက်အပံ့ကောင်းများရရှိမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပညာရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့်အပြင် နိုင်ငံ့သားကောင်းတစ်ယောက်တွင်ရှိသင့်သည့် ကျင့်ဝတ်၊ စည်းကမ်းလိုက်နာမှု၊ စုပေါင်းဆောင်ရွက်တတ်မှု *စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံးဆုရရှိသည့်ကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်ဝင်းထွဋ်ခေါင်စိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မဟေမာနံ့ဝင့်အောင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

စသည့်စိတ်နေစိတ်ထားအခြေခံကောင်းများ ဖြစ်လာအောင် လေ့ကျင့်ပုံဖော်ပေးသည့်အရာဖြစ်ကြောင်း၊ အဆင့်မြင့်ပညာရပ်များတတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတည်ဆောက်ရေးပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိမည်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာနှင့် အတွေးအခေါ် ထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ကြွယ်ဝမှသာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**ကြိုတင်စီမံဆောင်ရွက်ထား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးချိန်မှစပြီး ပညာရည်မြှင့်တင်ရေးအဖြစ် ကျောင်းနေအရွယ်အားလုံးပညာသင်ကြားနိုင်ရေးနှင့် KG+9 အထိ မဖြစ်မနေသင်ကြားရေးကို မူဝါဒချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ KG+9 တက်ရောက်အောင်မြင်သူများအနေဖြင့်လည်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိရန်အတွက် ခရိုင် ၈၄ ခုတွင်ရှိသည့် အခြေခံပညာအထက်တန်းကျောင်း ၈၅ ကျောင်းကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အခြေခံပညာ အထက်တန်းကျောင်းများတွင် တက်ရောက်အောင်မြင်ပြီးသူများကိုလည်း မိမိတို့ရရှိသည့် သတ်မှတ်အရည်အချင်းပေါ်မူတည်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ကူးပြောင်း သင်ကြားနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း။

**အထိရောက်ဆုံးနည်းလမ်းဖြစ်**

နိုင်ငံတော်၏ အနာဂတ်ကို တည်ဆောက်ဖော်ဆောင်ရာတွင် ပညာရေးကို ရေရှည်မြင့်မားအောင် မြှင့်တင်ဆောင်ရွက်ခြင်းကသာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံးနှင့် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ အသိပညာနှင့် အတတ်ပညာ ဟန်ချက်မျှတစွာ စွမ်းရည်မြင့်မားမှုမရှိပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်အသီးသီး၌ အားနည်းချက်များ ဖြစ်ပေါ်စေမည်ဖြစ်ပြီး တိုင်းပြည်စည်းလုံးညီညွတ်ရေးအပေါ်ကို လည်း မလွဲမသွေ သက်ရောက်စေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေးအတွက် ရည်ရွယ်ဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တပ်မတော်သားများ အနေဖြင့် သက်ဆိုင်ရာ တပ်မတော်ပညာရေးကျောင်းများမှ ပြီးခဲ့သည့်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်မှု ပျမ်းမျှ ၂၄ ဒသမ ၅၈ ရာခိုင်နှုန်းရှိခဲ့ပြီး တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနေဖြင့် အောင်မြင်မှုပျမ်းမျှ ၆၀ ဒသမ ၉၄ ရာခိုင်နှုန်းရှိခဲ့သည်ကို တွေ့ရကြောင်း၊ တပ်မတော်သား သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦး၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မောင်သုတစစ်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၏ဇနီး လူရည်ချွန်ဆုရရှိသူ မောင်လင်းထက်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ)က လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မသက်ထားနွယ်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ)က ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ မသွယ်သွယ်မိုးအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး ရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများ၌ တက်ရောက်ခဲ့သူများအနေဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၂၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၈ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၉၇ ဦးရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

တပ်မတော်ပညာရေးကျောင်းများ၌ ဆိုပါက အမှတ် (၂) ပညာရေးကျောင်းသည် အောင်မြင်မှုပျမ်းမျှ ၆၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့သကဲ့သို့ တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများအနက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း (စစ်တွေ)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒုံ) တို့သည်လည်း အောင်မြင်မှုပျမ်းမျှ ၉၅ ရာခိုင်နှုန်းကျော်အထိ ဖြစ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ အောင်မြင်မှုများနှင့် ဂုဏ်ထူးရသူများစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူမိကြောင်းကို ပြောကြားလိုကြောင်း။

**ထိပ်တန်းကရပ်တည်နေ**

မိမိတို့နိုင်ငံတွင် ပညာရေးကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရေး ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစပြီး ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများ ပေါ်ပေါက်လာသော်လည်း အခြေခံပညာကဏ္ဍတွင် ပြည်သူလူထုအများစုသည် အစိုးရအခြေခံပညာကျောင်းများ၌ အဓိကတက်ရောက် ပညာသင်ကြားကြကြောင်း၊ တပ်မတော်သားသား၊ သမီးများသည်လည်း နိုင်ငံ့ဝန်ထမ်းသား၊ သမီးများဖြစ်ကြသဖြင့် နိုင်ငံတော်အစိုးရ၏ အခြေခံကျောင်းများတွင် အလေးထားတက်ရောက်ပညာသင်ကြားကြရကြောင်း၊ ယခု ထူးချွန်ဆုရသူအများစုသည် အစိုးရအခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားပြီး ထူးချွန်အောင်မြင်ခဲ့ကြသူများ ဖြစ်ကြောင်း၊ ကိုယ်တိုင်ကြိုးစားအားထုတ်မှုမှ ရရှိခဲ့ကြသူများဖြစ်ကြောင်း၊ ထို့ပြင် နှစ်စဉ်တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်များတွင်လည်း တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများ အပါအဝင် အစိုးရအခြေခံပညာအထက်တန်းကျောင်းများသည် ထိပ်တန်းကရပ်တည်နေသည်ကို တွေ့ရကြောင်း။

**ကျောင်းအသီးသီးကကြိုးပမ်းမြှင့်တင်**

ယင်းတို့ကို ကြည့်ရှုခြင်းအားဖြင့် ပညာသင်ကြားမှု၊ တတ်မြောက်မှုနှင့် ထူးချွန်စွာအောင်မြင်နိုင်မှု အခွင့်အလမ်းတို့သည် ငွေကြေးတတ်နိုင်မှု၊ အရင်းအမြစ်ကြွယ်ဝမှုတို့အပေါ်ထက် မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ မိဘ၊ ဆရာနှင့် တာဝန်ရှိသူများ၏ အားပေးမှုတို့အပေါ်တွင် အဓိကတည်မှီနေခြင်းဖြစ်သည်ကို ပြောနိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့်လည်း တပ်မတော်သားများနှင့် အငြိမ်းစားမိသားစုဝင်များ၏ ပညာရေးကို မိဘ၊ ဆရာ၊ ကျောင်းသား၊ တာဝန်ရှိသူများဟူသည့် စတုရန်းပုံစံဝိုင်းဝန်းကြိုးပမ်းပေးခြင်းဖြင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့သား၊ သမီးတိုင်း၊ ကျောင်းသားတိုင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ ဆရာ၊ ဆရာမများ၏ အနီးကပ်ကြပ်မတ်လေ့ကျင့်ပေးမှုများဖြင့် ကျောင်းအသီးသီးက ကြိုးပမ်းမြှင့်တင်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အခမ်းအနားတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၆၉ ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၈၀ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ၁၃ ဦး၊ လူရည်ချွန် ၃၄ ဦးနှင့် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော်ပညာရေးကျောင်းများနှင့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို ထိုက်ထိုက်တန်တန်ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ အခြားဂုဏ်ထူးရရှိသူများနှင့် ပညာသင်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**ရှစ်ကြိမ်စေလွှတ်ပေး**

တပ်မတော်အနေဖြင့် ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးများကိုလည်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ ကျောင်းသား ကျောင်းသူ ၇၈၇ ဦးကို ပညာသင်ထောက်ပံ့ကြေးများပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ဆရာဝန်ဘွဲ့ရရှိသူ ၃၈ ဦး၊ အင်ဂျင်နီယာဘွဲ့ရရှိသူ ၃၅ ဦးနှင့် အခြားဘွဲ့ရရှိသူ ၄၁ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ အတွေ့အကြုံများရရှိပြီး အနာဂတ်ဘဝပုံဖော်သည့်အခါ အကျိုးများစွာပြုစေရန် ရည်ရွယ်၍ ထူးချွန်ကျောင်းသား ကျောင်းသူ ၂၅၇ ဦးကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီး ရှစ်ကြိမ် စေလွှတ်ပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများကို လေ့လာရေးခရီးသွားရောက်ခဲ့သဖြင့် ရရှိခဲ့သည့်အတွေ့အကြုံများကို နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးချ လုပ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ကြောင်း။

မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ယနေ့အချိန်တွင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြရချိန်ဖြစ်ကြောင်း၊

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများက ကြုံတွေ့နေသည့် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိသော်လည်း အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာနိမ့်ပါးသည့် နိုင်ငံများအနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လူတိုင်းအကျုံးဝင်သည့် ပညာရေးမှအစပြုပြီး ခေတ်မီထိရောက်သည့် ပညာရေးစနစ်တစ်ရပ် ဖြစ်ထွန်းအောင်မြင်လာသည်အထိ မိမိတို့အားလုံး စည်းလုံးညီညွတ်ပြီး ယုံကြည်ချက်၊ ခံယူချက်ခိုင်မာစွာဖြင့် တည်ဆောက်သွားကြရန်လိုကြောင်း။

ထို့ကြောင့် အခမ်းအနားကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်တို့အနေဖြင့်လည်း ဗလငါးတန်ဖွံ့ဖြိုးပြီး နိုင်ငံတော်က အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

### ရှင်းလင်းတင်ပြ

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူးငါးဘာသာနှင့်အထက်အောင်မြင်ခဲ့သူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေး ကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများနှင့် လူရည်ချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင် အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူရည်ချွန်ဆုရရှိသူ ငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက လူရည်ချွန်ဆုရရှိသူငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူငါးဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တပ်မတော်ပညာရေးကျောင်းများမှ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လူရည်ချွန်ဆုရရှိသူငါးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူနှစ်ဦးတို့အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးတို့က လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ စစ်သည်များအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

### တည်ခင်းဧည့်ခံ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနားသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ တပ်မတော် အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

### ကျင်းပပြုလုပ်သွားမည်

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးနှင့် သမ္မတဟောင်း ငုယင်ဖုကျောက်၏ နိုင်ငံတော်ဈာပနအခမ်းအနားကို ဟနွိုင်းမြို့ရှိ အမျိုးသားဈာပနခန်းမ၌ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စစ်သံမှူးနှင့် သံရုံးမှတာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်စဉ်။

## အလုပ်သမားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် စစ်တုရင် ( အမျိုးသား၊ အမျိုးသမီး )ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၄**

အလုပ်သမားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် စစ်တုရင် (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### ကြည့်ရှုအားပေး

အဆိုပါ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းသည် ဝန်ထမ်းများ၏ ကာယအားနှင့် ဉာဏအားကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကိုယ်ကာယကျန်းမာသန်စွမ်းစေရန်၊ စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်ပါကြောင်း၊ စစ်တုရင်ကစားခြင်းဖြင့် ကစားသမားများသည် ဉာဏ်ရည်ထက်မြက်လာခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်တွေးခေါ်တတ်လာခြင်း၊ မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချက်ချင်း ဆုံးဖြတ်တတ်လာခြင်း၊ စိတ်တည်ငြိမ်မှုရှိလာပြီး စိတ်ရှည်သည်းခံတတ်လာခြင်း၊ လူမှုရေးဆက်သွယ်မှုများ တိုးတက်လာခြင်း၊ ပိုနေသောအချိန်များကို ကောင်းမွန်စွာ ကျော်ဖြတ်တတ်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားကာ ကစားသမားများ၏ စစ်တုရင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်ကစားသမားများ တက်ရောက်ကြသည်။

ယင်းပြိုင်ပွဲတွင် ဝန်ကြီးရုံး အပါအဝင် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ အမျိုးသားကစားသမား ၂၅ ဦးနှင့် အမျိုးသမီးကစားသမား ၁၅ ဦးတို့ ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကစားသမားများအနေဖြင့် နိုင်ငံတကာ စစ်တုရင်ပြိုင်ပွဲများတွင် အသုံးပြုသည့် Swiss System ဖြင့် ကစားကြမည် ဖြစ်ကြောင်းနှင့် အမျိုးသားတစ်ဦးချင်း ပွဲစဉ်ခုနစ်ပွဲနှင့် အမျိုးသမီးတစ်ဦးချင်း ပွဲစဉ်ငါးပွဲစီ ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပေါင်းတည်၌ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေးဟောပြော

**ပေါင်းတည် ဇူလိုင် ၂၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းက အ-ထ-က(မင်းကွက်)၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းရေး ဟောပြောပွဲကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဗန်လာအဲငါက သစ်တောသစ်ပင်များသည် ကမ္ဘာကြီးအတွက် အဆုတ်ကဲ့သို့ဖြစ်ပြီး လူသားများအတွက် မရှိမဖြစ်လိုအပ်သော ရေ (မြေအောက်ရေ) စုဆောင်းပေးခြင်း၊ အသက်ရှူတိုင်းလိုအပ်နေသော အောက်ဆီဂျင်၊ အစားအစာ၊ ဆေးဝါးများ၊ နေအိမ်အဆောက်အအုံ၊ လောင်စာများ သစ်တောတောပင်များမှရရှိကြောင်းနှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ လိုအပ်ချက်များပြားလာသည့်အတွက် သဘာဝတောမှရှိသည့်သစ်တောသစ်ပင်များကိုသာ အားကိုးခြင်းမပြုဘဲ အကျိုးကျေးဇူးများပြားလှသည့် သစ်တောသစ်ပင်များကို မိမိခြံဝင်း၊ ကျောင်းဝင်းနှင့် မိမိပိုင်မြေများတွင် မိုးရာသီကာလ အစိုဓာတ်ရှိချိန်တွင် သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ဟောပြောဆွေးနွေးသည်။

ထိုဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၁၂၀ ခန့် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ကလေးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကျင်းပ

**ကလေး ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ဇူလိုင် ၂၂ ရက်က အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်ဝင်းဝင်းမို့က လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍ စာပဒေသာ ဝေဆာစေမည် Video Clip ကို ပြသခဲ့ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပိုစတာများ၊ စာအုပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မိုး/ဇလ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ် - တောင်အာရှ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

## တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပေါင်းစပ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန်ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၂၄**

(၈)ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၈)ကြိမ်မြောက် တရုတ် (ကူမင်း) ပို့ကုန် သွင်းကုန်ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ တင်းကျုံ့လီ၊ သီရိလင်္ကာနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ မော်လ်ဒိုက်နိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် နီပေါနိုင်ငံ ဒုတိယလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက် အဖွင့်မိန့်ခွန်းပြောကြားကြသည်။




### ကုန်သွယ်မှုကောင်းမွန်

ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ယခုကဲ့သို့ ကုန်စည်ပြပွဲကို နှစ်စဉ် ဖိတ်ခေါ်ကျင်းပပြုလုပ်သည့်အပေါ် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရကို ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူဦးရေ ၃ ဒသမ ၂ ဘီလီယံ အခြေချနေထိုင်လျက်ရှိသော အိမ်နီးချင်းနိုင်ငံ (၅) နိုင်ငံ၏ အလယ်တွင်ရှိပြီး သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ် ကြွယ်ဝသော အခြေခံကောင်းများရှိကာ အိန္ဒိယသမုဒ္ဒရာတွင် ရှည်လျားသည့် ကမ်းရိုးတန်းပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုအလားအလာ အလွန်ကောင်းမွန်သော နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပေါင်းစပ်ပေးနိုင်သည့်အတွက် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်သွားရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ ကုန်စည်ပြပွဲကို အရှေ့တောင်အာရှ ၁၀ နိုင်ငံနှင့် တောင်အာရှ ၈ နိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး ပြပွဲကို ဇူလိုင် ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိကာ နိုင်ငံပေါင်း ၈၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀၀ ကျော်က ပြခန်းပေါင်း ၈၀၀ ကျော် ပါဝင်ပြသလျက်ရှိသည်။ ကုန်စည်ပြပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့ဝင် ၃၇ ဦး၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင် ၈၈ ဦးတို့ တက်ရောက်ခဲ့ကြသည်။ ကုန်စည်ပြပွဲ၌ မြန်မာနိုင်ငံမှ ကုမ္ပဏီ ၂၄ ခု က ပြခန်းပေါင်း ၂၆ ခု ပါဝင်ပြသလျက်ရှိသည်။

### ပြခန်းများကြည့်ရှု

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကုန်စည်ပြပွဲရှိ အပြည်ပြည်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ လက်မှုပစ္စည်းများ၊ ကျောက်မျက်ရတနာများ ခင်းကျင်းပြသထားသည့် မြန်မာပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

တရုတ်-တောင်အာရှကုန်စည်ပြပွဲကို တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်စေရေးနှင့် ပြည်သူများအကြား ကူးလူးဆက်ဆံမှု ပိုမိုများပြားလာစေရေး ရည်ရွယ်ချက်များဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ကုန်စည်ပြပွဲကို “စည်းလုံးညီညွတ်မှုနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေး” ခေါင်းစဉ်ဖြင့် ကျင်းပလျက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလိုက်ပါသော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး မန္တလေးမြို့သို့ ရောက်ရှိကြရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန္တလေးကောင်စစ်ဝန်ချုပ်ရုံး ခေတ္တကောင်စစ်ဝန်ချုပ် မစ္စတာ ကျန်းဝေတို့က မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၂၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင် ဦးမင်းဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာအုပ်စု ပင်လောင်းလမ်းဆုံ မီးပွိုင့်အနီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းစီမံဆောင်ရွက်လျက်ရှိသည့် ရေဆင်းဆည်ရေသောက်စနစ် လက်ယာ (၂) မြောင်းမကြီးနှင့် မပိုက်ကယ်ရိုးမှ စီးဆင်းလျက်ရှိသည့် သစ်တပ်ကျေးရွာအနီး ရန်ကုန် - မန္တလေး ကားလမ်းဟောင်းဘေး ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်စေရေးအတွက် မြောင်းအတွင်း သဲနုန်းတူးဖော်ခြင်း၊ အမှိုက်ဆယ်ခြင်း၊ အမှိုက်များ ထပ်မံပိတ်ဆို့မှု မရှိစေရေးနှင့် ရေဝပ်မှုများ မရှိစေရေးဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ရန်ကုန် - မန္တလေး ကားလမ်းဟောင်းဘေးရှိ မေတ္တာကန်နှင့် ပျဉ်းမနားမြို့ ကန်တော်မင်္ဂလာရှမ်းကန်တို့သို့ရောက်ရှိပြီး ကန်အတွင်း ကြာပန်းပင်များ စိုက်ထည့်ထားရှိမှု၊ အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ ကန်ပတ်ဝန်းကျင်တွင် ရာသီအလိုက်ပွင့်သည့် ပန်းပင်များ စိုက်ပျိုးထားရှိမှုများနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ကန်တော်မင်္ဂလာ ရှမ်းကန်သာယာလှပရေးနှင့် ရေလယ်ဘုရားကျောင်းဆောင် တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။



### ဝိုင်းဝန်းကူညီဆောင်ရွက်

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်၍ နေပြည်တော်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်မှ ပြောင်းရွှေ့လာသူများ စာရင်းပြုစုခြင်း၊ ပြောင်းရွှေ့ထွက်ခွာသူများ စာရင်းပြုစုခြင်းတို့ကို ပြန်လည်စိစစ်ဆောင်ရွက်ရေးနှင့် ၎င်းတို့မှ ထွက်ပေါ်လာသည့် အချက်အလက်များအရ အိမ်ထောင်စုလူဦးရေစာရင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိ/မရှိ စာရင်းပြုစု၍ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ တိကျမှန်ကန်စွာ ဖြေဆိုနိုင်ရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် နေပြည်တော် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက မြေပြင်ကွင်းဆင်းစာရင်းကောက်ယူမည့် အခြေအနေများ၊ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ One Region One Product ထုတ်ကုန်များ ပိုမိုတိုးချဲ့ထုတ်လုပ်လာနိုင်ရေး၊ ပြည်ပဈေးကွက်နှင့် ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရေး ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီစည်းဝေး



**နေပြည်တော် ဇူလိုင် ၂၄**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်၊ လုပ်ငန်း ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယ ဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေသို့ ငွေကျပ် ၅၀ ဘီလီယံနှင့် အထွေထွေပိုလျှံရန်ပုံငွေမှ ထုတ်ပေးထားသည့် ငွေကျပ် ၁၅၀ ဘီလီယံမှ ငွေကျပ် ၅၀ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၁၀၀ ဘီလီယံကို ပြန်လည်ကောက်ခံပြီးစီးမှုနှင့် ပေးသွင်းပေးမှု၊ ချေးငွေပြန်လည် ပေးဆပ်ရန် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်ထည့်သွင်းထုတ်ပြန်ပြီးနောက် ၂၀၂၄ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ချေးငွေပြန်လည်ပေးဆပ်မှု တိုးတက်လာသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများ ရှင်းလင်းဆွေးနွေးပြီး ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများသည် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများဖြစ်သဖြင့် မဖြစ်မနေ ပြန်လည်ပေးဆပ်ကြရန် တာဝန်ရှိကြောင်း၊ ချေးငွေ သက်တမ်းသုံးနှစ် ကျော်လွန်ပြီး ချေးငွေ အရင်းအတိုးများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသည့် ကုမ္ပဏီ/လုပ်ငန်းများနှင့် စပ်လျဉ်း၍ ချေးငွေသက်တမ်းတိုးမြှင့်ပေးရန် အစီအစဉ်မရှိပါကြောင်း၊ ပြန်လည်ပေးဆပ်မှုမရှိသူများကို စီမံခန့်ခွဲမှုနည်းလမ်းများ၊ လုပ်ငန်းစဉ်များဖြင့် အမြန်ဆုံး ပြန်လည်ရရှိရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်- ၁၉ ရန်ပုံငွေမှ ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများနှင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ အချိန်စေ့ရောက်တော့မည်ဖြစ်၍ ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ် ကြပ်မတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူထားသည့်ကုမ္ပဏီ/လုပ်ငန်းများမှ အတိုးအရင်းကောက်ခံရရှိမှု၊ သက်ဆိုင်ရာဌာနများ၊ ချေးငွေကြီးကြပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုနှင့် ချေးငွေဆိုင်ရာ စာရင်းဇယားများ တိကျမှန်ကန်ရေးကိစ္စရပ်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက ချေးငွေပေးဆပ်ရန်ကျန်ရှိသည့် ကုမ္ပဏီ/ လုပ်ငန်းများကို ပြန်လည်ပေးဆပ်မှု အဆင့်လိုက်ခွဲခြား၍ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်၊ ချေးငွေအများဆုံး ကျန်ရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး စသည့်ဒေသများတွင် ကွင်းဆင်းတွေ့ဆုံ၍ ချေးငွေများ အမြန်ပြန်လည်ပေးဆပ်လာစေရေး ဆောင်ရွက်သွားရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည်ကောက်ခံရရှိရေးအစီအစဉ်နှင့် နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်မည့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ဆွေးနွေးအကြံပြုတင်ပြကြသည်။

တင်ပြချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ချေးငွေများ အမြန်ဆုံး ပြန်လည် ကောက်ခံရရှိရေးအတွက် ရှေ့လုပ်ငန်းစဉ်များနှင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရေနံရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် ရေနံချက်လုပ်ရေးနည်းပညာများ သင်ယူနိုင်ရန် စေလွှတ်ရေး၊ စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Thushara Fernando ကို ယနေ့ညနေပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး ထောက်ပံ့ပေးရေး၊ ကျန်းမာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဆေးရုံကြီးများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ရွှေတောင်မြို့နယ် တောင်လုံးညိုကျေးရွာ စာကြည့်တိုက်အသစ် တည်ဆောက်မည့်မြေနေရာအား ပန္နက်ရိုက်

**ရွှေတောင် ဇူလိုင် ၂၄**

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ငွေ ကျပ်သိန်း ၁၅၀ ဖြင့် စာကြည့်တိုက်အသစ် တည်ဆောက်ဖွင့်လှစ်မည့် ရွှေတောင်မြို့နယ် ကသစ်တိုင်းကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာ စာကြည့်တိုက်မြေနေရာအား ယနေ့နံနက်ပိုင်းက ပန္နက်ရိုက်မင်္ဂလာပြုလုပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ စာကြည့်တိုက်အသစ်တည်ဆောက်ဖွင့်လှစ်မည့် မြေနေရာအား ရွှေတောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ ဦးခင်ဇော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်နှင့် ကသစ်တိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးအောင်တို့က ပန္နက်ရိုက်မင်္ဂလာပြုလုပ်ဆောင်ရွက်ခဲ့ပြီး တောင်လုံးညိုကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်အဆောက်အဦကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆောက်လုပ်ပြီးစီးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း( ပြန်/ဆက်)**

# နိုင်ငံရေးပါတီ (၂၇) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

**နိုင်ငံရေးပါတီ ( ၂၇ ) ပါတီ၏**
**ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ( ၄ ) ရက်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ( ၂၄ ) ရက်**

၁။ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း အသိပေးထားရှိပြီး ဖြစ်ပါသည်။ ၎င်းမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် ခိုင်မာသောသန္နိဋ္ဌာန်လည်း ဖြစ်ပါသည်။

၂။ လက်ရှိအခြေအနေများအရ နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ စတင်ကျူးကျော်၊ နယ်မြေချဲ့ထွင်၊ စစ်ဆင်တိုက်ခိုက်လာခဲ့ကြသော NUG / CRPH / PDF / MNDAA / TNLA / AA အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA စာချုပ်အား သွေဖည်၊ ချိုးဖောက်သွားကြသည့် လက်နက်ကိုင်အဖွဲ့အစည်းအချို့တို့နှင့် ၎င်းတို့အား နည်းလမ်းမျိုးစုံဖြင့် ပူးပေါင်း၊ ကူညီ၊ အားပေး၊ ထောက်ပံ့နေကြသော ပြည်တွင်း/ပြည်ပမှ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအချို့တို့သည် ဒို့တာဝန်အရေးသုံးပါးကို ဖျက်ဆီးနေကြသူများဖြစ်ကြပြီး အောက်ပါလုပ်ရပ်များကို ဆက်လက်ကျူးလွန်နေကြဆဲ ဖြစ်ပါသည် –

(က) ရဟန်းသံဃာများ၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ ကလေးသူငယ်များအား ဖမ်းဆီးခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်း။
( ခ ) နိုင်ငံပိုင်/ ပုဂ္ဂလိကပိုင် အဆောက်အအုံများအား နည်းလမ်းမျိုးစုံဖြင့် ဖျက်ဆီးခြင်း။
( ဂ ) အပြစ်မဲ့ပြည်သူများအား လူသားတံတိုင်းအဖြစ် အကာအကွယ်ပြု၍ တိုက်ခိုက်ခြင်း။
(ဃ) မြို့ကြီးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်းသို့ လက်နက်ကြီး/ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း။
( င ) အရွယ်မရောက်သေးသည့် လူငယ်များအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် လက်နက်စွဲကိုင်တိုက်ပွဲဝင်စေခြင်း။
( စ ) နယ်မြေတစ်ခုတည်း၌ နှစ်ကာလကြာရှည်စွာ အတူတကွနေထိုင်ခဲ့ကြသည့် လူမျိုးမတူသော အခြားတိုင်းရင်းသားမျိုးနွယ်စုများအား မူလနေရပ်ဒေသများမှ အတင်းအဓမ္မ စွန့်ခွာစေခြင်း။
(ဆ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပြည်တွင်းတည်ဆဲဥပဒေများနှင့် နိုင်ငံတကာဥပဒေများအား ရည်ရွယ်ချက်ရှိရှိ ချိုးဖောက်ခဲ့ခြင်း။

၃။ အထက်ပါ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများအနေဖြင့် အလုပ်အကိုင်နှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးရခြင်း၊ စားဝတ်နေရေး ကျပ်တည်းလာခြင်း၊ လူငယ်များပညာသင်ကြားနိုင်ခွင့်များ ဆုံးရှုံးရခြင်း၊ အခြေပြုရာမူရင်းဒေသများကို စွန့်ခွာခဲ့ရခြင်းတို့အပြင် အနာဂတ်မျှော်လင့်ချက်များ အားလုံးဆိတ်သုဉ်းကွယ်ပျောက်ခဲ့ရပြီး ပြည်သူလူထု၏ မူလအခွင့်အရေးများ ပိတ်ဆို့ထားသကဲ့သို့ ခံစားနေရသဖြင့် အမြန်ဆုံးလွတ်မြောက်ရန် လိုအပ်မည်ဟု ရှုမြင်ပါသည်။

၄။ နိုင်ငံတော်အစိုးရ၏ ၂၀၂၅ ခုနှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ပြင်ဆင်နေမှုအား အကြမ်းဖက်မှုကို လက်မခံကြသည့် သန်းပေါင်းများစွာသောပြည်သူများကို ကိုယ်စားပြု၍ မိမိတို့ နိုင်ငံရေးပါတီများက အပြည့်အဝ ထောက်ခံကြိုဆိုပါကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ မြန်မာ့မြေပေါ်မှ အကြမ်းဖက်မှုလုပ်ငန်းစဉ်များ ချုပ်ငြိမ်းစေရေးတို့အတွက် မိမိတို့နိုင်ငံရေးပါတီများက နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက ၂၀၂၅ ခုနှစ်အတွင်း ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်နေသည့် သတင်းစကားသည် နိုင်ငံတော်အတွက် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်သော ဒီမိုကရေစီနည်းလမ်းတကျ အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်၍ ကာကွယ်ရေးနှင့် လုံခြုံရေးအဖွဲ့အစည်းများအတွက် ထွက်ပေါက်မဟုတ်ဘဲ နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အကောင်းမွန်အချောမွေ့ဆုံး ထွက်ပေါက်လမ်းကြောင်းတစ်ခုဖြစ်သည်ဟု ယုံကြည်လက်ခံပါကြောင်း အောက်တွင် လက်မှတ်ရေးထိုး ပူးတွဲသဘောထားကြေညာချက် ထုတ်ပြန်အပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး မဟာမိတ်များ အဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဒေါ်တင်တင်မာ | ဥက္ကဋ္ဌ | ဒီမိုကရက်တစ်အင်အားစု လေဘာပါတီ | |
| ၁၃။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | |
| ၁၄။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၅။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသား ဖွံ့ဖြိုးရေးပါတီ | |
| ၁၆။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီ ပါတီသစ် | |
| ၁၇။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီ | |
| ၁၈။ | ဦးအောင်ဘ | ဗဟို အလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၉။ | ဒေါ်ဝင်းကေခိုင်အေး | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေး အားမာန်သစ်ပါတီ | |
| ၂၀။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | |
| ၂၁။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၂။ | ဦးမြင့်သန်း | ဥက္ကဋ္ဌ | လေဘာပါတီ | |
| ၂၃။ | ဦးသန်းဦး | ဒုတိယဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ)ပါတီ | |
| ၂၄။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေး အဖွဲ့ချုပ်ပါတီ | |
| ၂၅။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၆။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |
| ၂၇။ | ဒေါ်စန္ဒာဦး | ဥက္ကဋ္ဌ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | |

# လာခြင်းကောင်းသော်လည်း ပြန်ခြင်းမကောင်းနိုင်ပါ

**ဘာသာတို့၏ ဘုရားများအနက် ဗုဒ္ဓတစ်ပါးကိုသာ မြင်ဖူးကြသည်။ ဗုဒ္ဓသည် လူသားမှဖြစ်သော လက်တွေ့ကျသည့် ဘုရားဖြစ်သည်။ ဗုဒ္ဓဘာသာတွင် သုခသာ ခံစားကုန်သော နတ်ဗြဟ္မာတို့က ဘုရားမဖြစ်။ ဒုက္ခခံစားရသော လူ့ဘုံ လူသားကသာလျှင် သုံးလူ့ထွတ်ထား ဘုရားဖြစ်နိုင်သည်။**

**အောင်ဇေယျ**

ဗုဒ္ဓသည် လူသားကဖြစ်သော်လည်း သာမန်ပုဂ္ဂိုလ်(ordinary person) မဟုတ်။ ဘုရားမဖြစ်မီ သိဒ္ဓတ္ထဘဝက အမျိုးမြင့်မြတ်သော သာကီနွယ်ဝင် မင်းမျိုးဖြစ်သည်။ ဘုရားဖြစ်ပြီးသောအခါ ဂေါတမသည် လူသားများသာမက နတ်ဗြဟ္မာတို့၏ အမြတ်ဆုံးဆရာ (သတ္ထာ ဒေဝ မနုဿာနံ ဂုဏ်တော်) ဖြစ်သည်။

*** ဗုဒ္ဓသည် ဘုရားဖြစ်တော်မမူခင် ဘုရားလောင်းဘဝဖြင့် ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သည့် ပါရမီရှင်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်၏။ ဤသို့သော ပါရမီရှင်ကို သာမန်ပုဂ္ဂိုလ်ဟု မနှိမ့်ချရာ**

**❁ အချုပ်ဆိုရသော် ဗုဒ္ဓမြတ်စွာဘုရားသည် သာမန်ပုဂ္ဂိုလ်မဟုတ်။ ပွင့်တော်မူပြီးသော ဘုရားရှင်တို့ကလွဲ၍ ဗုဒ္ဓနှင့်တန်းတူသူ ဤဘဒ္ဒကမ္ဘာတွင် မရှိ**

**သာမန်လူပုဂ္ဂိုလ်နှင့် မနှိုင်းအပ်**

ဗုဒ္ဓသည် ကဆုန်လပြည့်နေ့တွင် ထွက်လေဝင်လေခေါ် အာနပါန စတုတ္ထစျာန်ကိုဝင်စား၍ ဝိပဿနာတရားကို ရှုပွားတော်မူရာ ညဦးယံအချိန်၌ မိမိသူတစ်ပါးတို့၏ ရှေးဘဝများစွာကို မြင်နိုင်စွမ်းသော 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်'ကို ရတော်မူသည်။ သန်းခေါင်ယံခေါ် ညဥ့်လယ်ယံ၌ အကြီးအသေး နီးဝေးမဟူ နတ်မျက်စိပမာ ထိုးဖောက်မြင်နိုင်စွမ်းသော 'ဒိဗ္ဗစက္ခုဉာဏ်တော်'ကို ရတော်မူသည်။ မိုးသောက်ယံခေါ် အရုဏ်တက်ချိန်၌ သစ္စာလေးအင် သိမြင်တော်မူကာ ကိလေသာအလုံးစုံကုန်ခန်းသည့် 'အာသဝက္ခယဉာဏ်တော်'ခေါ် 'အရဟတ္တမဂ်ဉာဏ်တော်'ကို ရတော်မူသည်။ တစ်ပြိုင်နက်တည်းမှာပင် 'သဗ္ဗညုတဉာဏ်တော်'ခေါ် အလုံးစုံကို အကုန်သိမြင်တော်မူသော ဉာဏ်တော်ကိုရပြီးဖြစ်ကာ **အတုမရှိသော** သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ထိုကဲ့သို့ ဉာဏ်တော်အစုံကို ဆရာမပါဘဲ အလုံးစုံထိုးထွင်း သိမြင်တော်မူသော (သမ္မာ သမ္ဗုဒ္ဓေါ ဂုဏ်တော်) ဗုဒ္ဓမြတ်စွာဘုရားကို သာမန်လူပုဂ္ဂိုလ်နှင့် မနှိုင်းအပ်။

ဗုဒ္ဓသည် ဘုရားဖြစ်တော်မမူခင် ဘုရားလောင်းဘဝဖြင့် ဒါန၊ သီလ၊ နိက္ခမ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ်ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့သည့် ပါရမီရှင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်၏။ ဤသို့သော ပါရမီရှင်ကို သာမန်ပုဂ္ဂိုလ်ဟု မနှိမ့်ချရာ။

**မဂ်ဖိုလ်ဝင်သူတော်တွေ အထင်အရှားရှိ၏**

ဗုဒ္ဓသည် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးကို သိမြင်တော်မူပြီး လူနတ်ဗြဟ္မာတို့ကို ဟောကြားတော်မူခဲ့ခြင်းဖြင့် (ဗုဒ္ဓေါဂုဏ်တော်) သံသရာမှ လွတ်မြောက်ရာလမ်းကို ညွှန်ပြတော်မူသည်။ ညွှန်ပြတော်မူသည့်အတိုင်း ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့ များစွာရှိချေပြီ။ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးသည့်တိုင်အောင် ဗုဒ္ဓ၏တရားတော်ကို တပည့်သားသံဃာတို့က တစ်ဆင့်ဟောကြားသဖြင့် မျက်မှောက်ကာလတွင်လည်း တရားထူးရ၍ မဂ်ဖိုလ်ဝင်သူတော်တွေ အထင်အရှား ရှိ၏။ ဘာသာခြား၊ လူမျိုးခြားများကပင် ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို သက်ဝင်ယုံကြည်သောကြောင့် ဘာသာကူးပြောင်းကာ လက်တွေ့ကျင့်ကြံအားထုတ်ကြသည်။ သို့ဖြစ်လျက် ဘာသာတူ၊ လူမျိုးတူက သစ္စာလေးပါးတရားပိုင်ရှင် ဗုဒ္ဓမြတ်စွာဘုရားကို ကာမဘုံသား သာမန်ပုဂ္ဂိုလ်နှင့် တန်းတူခိုင်းနှိုင်းချေသော် အံ့ဩတုန်လှုပ်ဖွယ် ဖြစ်တော့သည်။ ပြောရဲပေစွ။ ဆိုရဲပေစွ။

ဗုဒ္ဓသည် သတ္တဝါအားလုံးကို မေတ္တာထားတော်မူသည်။ မေတ္တာဘာဝနာကိုပွားတော်မူသည်။ ဗုဒ္ဓသည် သူ့ကို ယှဉ်ပြိုင်ရန်ပြုလာသော မာရ်နတ်၊ အယူလွဲမှားနေသော ဗကဗြဟ္မာ၊ အယူဝါဒစကားစစ်ထိုးသော သစ္စက ပရိဗိုဇ်၊ ဒေါသမာနတံခွန်ထူကာ ရက်စက်ကြမ်းကြုတ်သော အင်္ဂုလိမာလ၊ အာဠဝကဘီလူး၊ နန္ဒောပနန္ဒနဂါး၊ နာဠာဂီရိဆင်ရိုင်း၊ လူပုံအလယ်၌ အရှက်တကွဲဖြစ်အောင် စွပ်စွဲပုတ်ခတ်သော စိဉ္စမာဏဝိကာ မိန်းမယုတ်တို့ကို မေတ္တာအစွမ်းဖြင့် အောင်နိုင်တော်မူခဲ့သည်။ မေတ္တာ ကရုဏာရှင် ဗုဒ္ဓမြတ်စွာဘုရားကို သာမန်ပုဂ္ဂိုလ်ဟု မနောဖြင့်ပင် မပြစ်မှားထိုက်။

ဗုဒ္ဓသည် သတ္တဝါအားလုံးအပေါ်တွင် တူညီသော မေတ္တာဓာတ်ပွားများ၍ ခန္တီတရား လက်ကိုင်ထားသော်လည်း **ပြုသူ၏ အကုသိုလ်ကံက ခွင့်လွှတ်လိမ့်မည် မဟုတ်ချေ။** အပြစ်မှလွတ်လိမ့်မည် မဟုတ်ချေ။

သာဓကဆောင်ရသော် ဘုရားရှင်ကို အသက်အန္တရာယ်ပြုကာ သံဃာ သင်းခွဲခဲ့သော ဒေဝဒတ်သည် အဆုံး၌ နောင်တရသော်လည်း နောင်တသည် သူ့အားမကယ်တင်နိုင်တော့ချေ။ အရှင်လတ်လတ် မြေမျိုခံရပြီး အဝီစိငရဲ၌ ခံစားနေရ၏။ ဝစီကံဖြင့် ကျူးလွန်ခဲ့သော စိဉ္စမာဏ မိန်းမယုတ်သည်ပင် အလားတူ မြေမျို၍ ငရဲရောက်၏။

ဗုဒ္ဓဘုရားရှင်တော်ကို ကာယကံ၊ ဝစီကံတို့ဖြင့် လွန်ကျူးမိသည်ကို အသာထားဘိဦး။ အဂါရဝစိတ်မနော၏ စေ့စော်မှုကြောင့် ဆင်းတုတော်၊ ရုပ်ပုံတော်ကိုပင် မသင့်မလျော် အထားမတော်ခဲ့ပါမူ အောက်သို့လားရာ လမ်းမှလွဲ၍ အခြားရွေးစရာမရှိ။

**ဗုဒ္ဓနှင့်တန်းတူသူ ဤဘဒ္ဒကမ္ဘာတွင်မရှိ**

အချုပ်ဆိုရသော် ဗုဒ္ဓမြတ်စွာဘုရားသည် သာမန်ပုဂ္ဂိုလ်မဟုတ်။ ပွင့်တော်မူပြီးသော ဘုရားရှင်တို့က လွဲ၍ ဗုဒ္ဓနှင့်တန်းတူသူ ဤဘဒ္ဒကမ္ဘာတွင်မရှိ။

ပါတီတစ်ခု၏ ထင်ရှားသော ခေါင်းဆောင်တစ်ယောက်က အောက်ပါစကားတစ်ခွန်း ပြောခဲ့ကြောင်း တစ်ချိန်က Facebook တွင် အကြိမ်ကြိမ် ဖတ်ခဲ့ဖူး၏။ လူပြောသူပြောလည်း များခဲ့ပါ၏။

"ဗုဒ္ဓဘုရားဆိုတာ သာမန်ပုဂ္ဂိုလ်တစ်ဦးပါ။ ဒါ့ကြောင့် အရမ်းကြီးအလေးအနက်ထား ကိုးကွယ်စရာမလိုပါဘူး" (Buddha is just ordinary sort of person. So you needn't have to strong religious belief in him.) ဟူ၍ ဖြစ်၏။

အံ့ဩ တုန်လှုပ်မိသည်။ ကြက်သီးဖျန်းဖျန်း ထမိသည်။ ဤသို့ ပြောခဲ့သည်ကို ယုံနိုင်ဖွယ်ရာမရှိ။ ဗုဒ္ဓဘာသာဝင် စစ်စစ်မှ ဟုတ်ပါသေး၏လောဟု သံသယဝင်စရာကောင်းလှသည်။

ဤစကားပြောခဲ့ကြောင်း မှန်ပါက ဒေဝဒတ်နှင့် စိဉ္စမာဏနည်းတူ လာခြင်းကောင်းသော်ငြား၊ ပြန်ခြင်းကောင်းမည် မဟုတ်သည်ကား မြေကြီးလက်ခတ်မလွဲတည်း။ ။

## ကယားပြည်နယ်အတွင်း အခွန်အခများကောက်ယူရာတွင် ယခင်အခွန်နှုန်းထားများအတိုင်း ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်လို



**လွိုင်ကော် ဇူလိုင် ၂၄**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ အပြည့်အဝရရှိစေရေး၊ ကောက်ခံရမည့် အခွန်အကောက်များ ကျန်ရှိမှုမရှိစေရေးအတွက် ကယားပြည်နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၃ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များနှင့် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီဖြစ်ကြောင်း၊ အခွန်နှင့်ပတ်သက်၍ တာဝန်ရှိသည့် ဌာနများအနေဖြင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန် လိုအပ်ပြီး အခွန်အခများကောက်ယူရာတွင် အခွန်အား တိုးမြှင့်ကောက်ခံခြင်းမပြုလုပ်ဘဲ ယခင်အခွန်နှုန်းထားများအတိုင်း နယ်ပယ်အလိုက်မကျန်ရှိအောင် ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ခြင်းနှင့် ပြေစာထုတ်ပေးသော်လည်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းများကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာအခွန်ဝန်ထမ်းများက စစ်ဆေးခြင်း၊ ယင်းသို့ပျက်ကွက်မှုများအပေါ် တည်ဆဲအခွန် ဥပဒေပါအတိုင်း ကြပ်မတ်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပုံမှန်ကောက်ခံလျက်ရှိသော အခွန်များအပြည့်အဝရရှိစေရေးနှင့် အခွန်လွတ်ကင်းမှုမရှိစေရေး၊ ရသင့်ရထိုက်သော အခွန်များကောက်ခံရရှိရေး သက်ဆိုင်ရာအခွန်ကောက်ခံရန် တာဝန်ယူထားသော ဌာနဆိုင်ရာများက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဒေသအလိုက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက အခွန်ကောက်ခံသည့် ဌာနများကို လိုအပ်သည်များ ကြီးကြပ်ကွပ်ကဲ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနက ပြည်နယ်အတွင်း အခွန်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက ရသင့်ရထိုက်သည့် အခွန်များ ကင်းလွတ်မှုမရှိစေရေးနှင့် အခွန်တိုးတက်ကောက်ခံရရှိစေရေးတို့အတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးတင်ပြခြင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် ကြက်ခြေနီအသင်းခွဲက ရေဘေးသင့်ပြည်သူများအား သောက်ရေသန့်နှင့် ဓာတ်ဆားထုပ်များ ထောက်ပံ့

**ပွင့်ဖြူ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဘေးကြုံတွေ့နေသည့် သံကိုင်းကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ ကူကြီးကျေးရွာ၊ ကြည်ကုန်းကျေးရွာနှင့် ဇေယျာမြိုင်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မြို့နယ်ကြက်ခြေနီအသင်းခွဲက သောက်ရေသန့်နှင့် ဓာတ်ဆားထုပ်များ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ရာတွင် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ တပ်ဖွဲ့မှူး ဦးဇော်ဝင်းခိုင်၏ ကြီးကြပ်မှုဖြင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ရေဘေးသင့်ကျေးရွာငါးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၅၀၈ စုအတွက် ကျေးရွာတစ်ရွာလျှင် ဓာတ်ဆားထုပ် ၅၀ စီနှင့် အိမ်ထောင်စုတစ်စုလျှင် တစ်လီတာ သောက်ရေသန့် ငါးဘူးစီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပြည်သူများအပြန်အလှန် ဝင်/ထွက် သွားလာနိုင်ရေးအတွက် ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာ ခွင့်ပြုဆောင်ရွက်ပေးမှု၊ နှစ်နိုင်ငံ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အထူးသဖြင့် တမူး-မိုးရေး နယ်စပ်ဂိတ် အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့ထားသည့်စာရင်းအရ အိန္ဒိယနိုင်ငံသားများအား ရှာဖွေကူညီကယ်တင်ဆောင်ရွက်မှုနှင့် ရှာဖွေတွေ့ရှိသူများအား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအရ အရေးမယူဘဲ ပြန်လည်လွှဲပြောင်းဆောင်ရွက်ပေးမှု၊ အိန္ဒိယနိုင်ငံ၌ အောင်မြင်စွာဆောင်ရွက်နေသည့် Aadhaar စနစ်ကို နမူနာယူ၍ ဝန်ကြီးဌာနအနေဖြင့် e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြီးခဲ့သည့်ရက်ပိုင်းက အိန္ဒိယနိုင်ငံ ပြည်ပရေးရာဌာနနှင့် National Institute of Smart Government (NISG) တို့မှ နည်းပညာဆိုင်ရာကိုယ်စားလှယ်များ လာရောက်၍ e-ID စနစ်လုပ်ငန်းဆောင်ရွက်နေမှုများအား လေ့လာသုံးသပ်အကြံပြုဆွေးနွေး ဆောင်ရွက် ခဲ့မှုနှင့် ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် e-ID စနစ်အတွက် နည်းပညာဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်(အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အထွေထွေညီလာခံတက်ရောက်ရန် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၄**

စင်ကာပူသမ္မတနိုင်ငံ Swissotel The Stamford ဟိုတယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၆) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၃) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် (အငြိမ်းစား) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံသို့ ထွက်ခွာကြသည်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်အတွင်း/ ပြင်ပ)မှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်တွင် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြော

**ရန်ကုန် ဇူလိုင် ၂၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ လူငယ်ရေးရာကော်မတီနှင့် ပူးပေါင်းလျက် အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောသရုပ်ပြပွဲကို အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထူးကျော်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးသန်းက လူငယ်ရေးရာနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်အားကစားမှူး ဒေါ်ခိုင်ဇာဝေက လူငယ်နှင့်အားကစား သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူအောင်က သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် Biometric ကောက်ယူနေမှုနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်နိုင်မိုး က မိုးတွင်းကာလဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီရိဖြိုးအောင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေးဟောပြောသည်။





ဆက်လက်၍ မြန်မာ့သိုင်းအဖွဲ့နှင့် Fitness Danceအဖွဲ့တို့မှ သရုပ်ပြသခဲ့ကြပြီး သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် မြို့နယ်အားကစားမှူး ဒေါ်ခိုင်ဇာဝေက အ.လ.က(၄) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်မေစံပယ်ဖြူနုထံသို့ အားကစားပစ္စည်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အ.လ.က(၄) ကျောင်းသို့ တီရှပ်များနှင့် ဦးထုပ်များ ပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သန္တာဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ အ.လ.က(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ နံရံကပ်စာစောင်၊ အရွယ်မရောက်သေးသော ကလေးငယ်များ စစ်မှုထမ်းခြင်းလျော့နည်းရေးဆိုင်ရာ နံရံကပ်စာစောင်နှင့် သုတ/ရသ စာအုပ်စာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစပြီး ဇူလိုင်လ ၃၁ ရက်နေ့အထိ နေ့စဉ်နံနက်(၆:၀၀)နာရီမှစပြီး ၊ ရှမ်း ၊ 'ပ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင် ၊ အရှေ့ပိုး ကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်ဘာသာ အစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိပါသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန်ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစပြီး နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ်နံနက်(၆:၀၀)နာရီမှ (၈:၀၀) နာရီအထိ ' ဝ ' ဘာသာအစီအစဉ် နံနက်(၈:၀၀)နာရီ မှ (၁၀:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက်(၁၂:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀)နာရီအထိ စကောကရင် ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီ မှ ညနေ(၁၄:၀၀) နာရီအထိ အနောက်ပိုးကရင် ဘာသာအစီအစဉ်၊ ညနေ(၁၄:၀၀)နာရီ မှ ညနေ(၁၅:၀၀)နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ညနေ(၁၅:၀၁)နာရီမှ (၁၆:၀၀)နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်၊ ညနေ(၁၆:၀၀) နာရီမှ ည(၁၇:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ည(၁၇:၀၀) နာရီ မှ (၁၉:၀၀)နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ည(၁၉:၀၀)နာရီ မှ (၂၁:၀၀) နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည(၂၁:၀၀)နာရီ မှ ၂၃:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

**သတင်းစဉ်**

## သောင်ရင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အောက် သုံးပေခန့်(၈၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြဝတီမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

စာတည်းထံပေးစာ

# ဘေးကင်းရန်ကွာ ရဲဝံ့စွာနဲ့ နိုင်ငံ့ဝန်ကို ထမ်းနိုင်ကြပါစေ ....

စာတည်းရှင့်

ကျွန်မရဲ့ ရင်ဖွင့်ပေးစာလေးကို ဆုတောင်းမေတ္တာပို့သခြင်းနဲ့ အစပြုပါရစေ။ **“တိုင်းပြည်အနှစ် ပြည်သူချစ်တဲ့ ရှေ့တန်းရောက် ပြည်ချစ်သားတွေ ဘေးကင်းရန်ကွာ ရဲဝံ့စွာနဲ့နိုင်ငံ့ဝန်ကို ထမ်းနိုင်ကြပါစေ ....”** ။

ပြည်သူတွေ ပို့သတဲ့ မေတ္တာဟာ ရှေ့တန်းရောက်နိုင်ငံ့တာဝန်ထမ်းဆောင်နေကြတဲ့ တပ်မတော်သား ပြည်ချစ်သားတွေအတွက် **“အား”** ဖြစ်ပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

ဒီလို နိုင်ငံချစ်စိတ်၊ ပြည်သူချစ်စိတ်ကို ရှေ့တန်းတင်ပြီး ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းစေဖို့ ပင်ပန်းဆင်းရဲစွာ ကိုယ်ကျိုးစွန့် တာဝန်ထမ်းဆောင်မှုတွေကို ပြည်သူတွေက အသိအမှတ်ပြု အစဉ်ဂုဏ်ယူကျေးဇူးတင်ရှိတာကို ပြည်သူတစ်ဦးအနေနဲ့ မမေ့မလျော့ ပြောကြားပါရစေ။

တစ်ဦးက မေတ္တာ၊ တစ်ဦးကစေတနာနဲ့ အေးချမ်းပျော်ရွှင်စွာ အသက်ရှင်နေထိုင်ကြတာ ကျွန်မတို့ရဲ့ အမိမြေပါ။ သို့ပေြား လက်ရှိမှာ တပ်မတော်ကိုရန်သူလို သဘောထား၊ အပြစ်မဲ့ပြည်သူတွေကို တစ်ဖက်သတ်အကြမ်းဖက်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင်တချို့တွေ၊ PDF အမည်ခံ အကြမ်းဖက်တွေကြောင့်သာ ရတက်မအေးရတဲ့ ဖြစ်စဉ်တွေ ပေါ်ပေါက်နေရတာ ဖြစ်ပါတယ်။ အေးချမ်းသာယာတဲ့ အမိမြေကို လက်နက်သံ၊ ဗုံးသံတွေ ပေါ်ပေါက်အောင် ဖန်တီးပြီး အရပ်ဆိုးအကျည်းတန်စေပါတယ်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ၊ PDF အမည်ခံ အကြမ်းဖက်တွေရဲ့ အကြမ်းဖက်မှုဖြစ်စဉ်တွေ ပေါ်ပေါက်ရာဒေသတွေမှာ ရပ်ရွာတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝပြန်လည်ရရှိဖို့အတွက် တပ်မတော်သားတွေဟာ အကြမ်းဖက်အဖွဲ့တွေကို တွန်းလှန် တိုက်ထုတ်နေရပါတယ်။ တပ်မတော်သားတွေအနေနဲ့ အကြမ်းဖက်မှု ဖြစ်စဉ်တွေ သံသရာမရှည်အောင် အစွမ်းကုန် အဆုံးသတ်နေကြရပါတယ်။

ဒီလို ရှေ့တန်းရောက် တပ်မတော်သားတွေရဲ့ ပင်ပန်းခံ၊ ဆင်းရဲခံပြီးအသက်ကိုပင် စွန့်လွှတ်ကာ တာဝန်ထမ်းဆောင်မှုတွေကို အားဖြစ်စေဖို့ ပြည်သူတွေဘက်ကလည်း အမြဲအားပေးနေသလို ရှေ့တန်းရောက် ပြည်ချစ်သားတွေအတွက် တတ်အားသမျှ ထောက်ပံ့ကူညီမှုပြုနေကြပါတယ်။ တပ်မတော်သားဆိုတာကလည်း လူသားပေမို့ ဇာတိရပ်ရွာက မိဘဆွေမျိုးတွေ အောက်မေ့သတိရနေမည်သာ။ မိဝေးဖဝေး တာဝန်ထမ်းဆောင်ရတာမို့ ဖွယ်ဖွယ်ရာရာ စားသောက်ဖွယ်တွေနဲ့ ဝေးနေမည်သာ။

ပြည်သူတွေအနေနဲ့ တပ်မတော်သားတွေရဲ့ စိတ်ခံစားမှုတွေကို စာနာနားလည်ကြပါတယ်။ တပ်မတော်သားတွေကို အသိအမှတ်ပြု ထောက်ခံအားပေးတဲ့အနေနဲ့ စေတနာရှင်၊ အလှူရှင်တွေ၊ ပြည်သူတွေ၊ အသင်းအဖွဲ့တွေက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ချီးမြှင့်ငွေနဲ့ အာဟာရဖြည့် စားသောက်ဖွယ်ရာတွေကို ပေးအပ်လှူဒါန်းပေးလျက်ရှိကြပါတယ်။

တိုင်းရင်းသား ပြည်သူအားလုံးနေထိုင်ရာ အမိနိုင်ငံဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေက ပကတိခံစားမှုအနေနဲ့နိုင်ငံနဲ့ ပြည်သူအပေါ် ကျရောက်လာနိုင်တဲ့ ပြည်တွင်းရန်၊ ပြည်ပရန်အန္တရာယ်ဟူသမျှ တပ်မတော်ကသာ ကာကွယ်ပေးနိုင်တာကို နားလည်ထားကြပါတယ်။ ဒါကြောင့်ပဲ တပ်မတော်နဲ့ ပြည်သူ အတူတကွ တည်ရှိနေတာ ဖြစ်ပါတယ်။

စစ်တိုက်တဲ့အခါမှာ ငွေအား၊ လူအား ပြည့်စုံဖို့ လိုအပ်တာ၊ ထောက်ပံ့မှုကောင်းဖို့ လိုအပ်တာ၊ နောက်ကနေ စိတ်ဓာတ်ခွန်အားအရ ပံ့ပိုးမှုကောင်းကောင်းလိုအပ်တာတွေကို ကြားသိဖူးပါတယ်။ ဘဏ္ဍာငွေကြောင့် အခက်အခဲရှိရင် ပြောပါရှင့်။ ကျွန်မတို့ ပြည်သူတွေအနေနဲ့ ငွေကြေး လှူဒါန်းဖို့လိုရင် ပါဝင်ဖို့အသင့်ရှိပါတယ်ရှင်။ နိုင်ငံချစ်ပြည်သူတွေအနေနဲ့ စစ်ပွဲအတွက် လိုအပ်တာတွေ ဝယ်ယူဖြည့်ဆည်းဖို့ တစ်တပ်တစ်အား ပါဝင်လှူဒါန်းသွားပါမယ်လို့ စာတည်းမှတစ်ဆင့် ရေးသားတင်ပြလိုက်ရပါတယ်။

တိုက်ပွဲတိုင်းနိုင်ပါစေ၊ အောင်ပွဲရယူနိုင်ကြပါစေရှင်။

**မေမြတ်မွန်**

## ပုဗ္ဗသီရိမြို့နယ်၌ စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ် သင်ကြားခြင်းကို ယနေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့်ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ (နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များ စသည်တို့ကို ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများ စုစုပေါင်း ၄၄ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**

✳ *ကျောဖုံးမှ*

ပွဲအစ တစ်မိနစ်မှာပင် ရှမ်းယူနိုက်တက်အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး တိုက်စစ်မှူး ရင်တာရိုက အမှားအယွင်းမရှိ အဆုံးသတ်ကာ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၂၇ မိနစ်တွင် ဒုတိယအကြိမ်ပယ်နယ်တီကန်ခွင့်ရသော်လည်း ထက်ဖြိုးဝေ၏ ကန်ချက်ကို ကာဆူကာ ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ရှမ်းယူနိုက်တက်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ရင်တာရိုက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၆၇ မိနစ်တွင် ကောင်းမြတ်သူက ရှမ်းယူနိုက်တက်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သည်။ ၇၉ မိနစ်တွင် ကာဆူကာအသင်း ချေပဂိုးတစ်ဂိုးပြန်ရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဝီလျံက သွင်းယူခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် လာအိုကလပ် Young Elephant အသင်းသည် ဇူလိုင် ၂၄ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ Svay Rieng အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နှစ်ကျော့ပေါင်း ရှစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ - သော်လေး**

## ကျိုက်မရောမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ကျိုက်မရော ဇူလိုင် ၂၄**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင်မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြု ဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကား ပြောကြားပြီး ကျိုက်မရောမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က လုပ်ငန်းရှင်များအား လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အခွန်ကောက်ခံခြင်းဆိုင်ရာ သိကောင်းစရာများ၊ အခွန်ထမ်းလုပ်ငန်းရှင်များ လိုက်နာရန် တာဝန်များ၊ လိုက်နာရန် ပျက်ကွက်မှုများအတွက်ပြစ်မှု၊ ပြစ်ဒဏ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းရှင်များက ရှင်းလင်းသည့် အချက်များအား မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

စပိန်တင်းနစ်မယ် ဂျက်ဆီကာကို ၆-၄၊ ၆-၂ ဖြင့် ရှုံးနိမ့်ခဲ့ပြီး နောက်အဆိုပါ ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ဗွန်ဒရက်စ်ဆိုဗာသည် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်ဆု ဆွတ်ခူးရရှိထားသူဖြစ်သည်။ သို့သော်လည်း ၎င်းသည် ယခုနှစ်အိုလံပစ်ပြိုင်ပွဲကို ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်းနှင့် လာမည့်ဩဂုတ် ၂၆ ရက် တွင် စတင်မည့် ယူအက်စ်အိုးပင်းပြိုင်ပွဲအတွက်သာ အာရုံစိုက်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ၎င်း၏ အင်စတာဂရမ်တွင် ရေးသားဖော်ပြထားသည်။ ၎င်းသည် ၂၀၂၃ ခုနှစ်တွင် ၎င်း၏ ပထမဆုံးဂရင်းဆလမ်းဆုဖလားကို ဆွတ်ခူးရရှိထားသူဖြစ်သည်။

ကမ္ဘာ့အဆင့် (၇) ရှိ ပိုလန်တင်းနစ်ကစားသမား ဟူးဘတ်သ်ဟာကက်ဇ်သည်လည်း အမျိုးသားပြိုင်ပွဲမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။ အသက် ၂၇ နှစ်အရွယ် ဟာကက်ဇ်သည် ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာခြင်း မရှိသေးကြောင်း သိရသည်။

**အောင်ဇော်**

## တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

**ရွှေဘို ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမှတ်(၅) စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးနှင့်တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့ကို အမှတ်(၅) စစ်အုပ်ချုပ်ရေးနယ်မြေစစ်နယ်မြေမှူးက တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ပညာရေးကြီးကြပ်မှူး ကော်မတီက ငွေကျပ် ၄၀၀၀၀ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



## အမေရိကန်သမ္မတဟောင်းထရမ့်နှင့် နေတန်ယာဟုတို့ ယခုသီတင်းပတ်အတွင်း တွေ့ဆုံမည်



**ဝါရှင်တန် ဇူလိုင် ၂၄**

အမေရိကန် သမ္မတဟောင်းဒေါ်နယ်ထရမ့်က လာမည့် ဇူလိုင် ၂၆ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံမည်ဟု ပြောကြားခဲ့သည်။ ထရမ့်က ဖလော်ရီဒါရှိ ၎င်း၏ Mar-a-lago အိမ်ရာတွင် နေတန်ယာဟုအား ကြိုဆိုရန်မျှော်လင့်ထားကြောင်း လူမှုကွန်ရက်မီဒီယာတွင် ပြောကြားခဲ့သည်။

နေတန်ယာဟုသည် ယခုအခါ အမေရိကန်တွင် လာရောက်လည်ပတ်နေပြီဖြစ်သည်။ ထရမ့်က ၎င်းအမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က အရှေ့အလယ်ပိုင်းဒေသမှာ ငြိမ်းချမ်းပြီး တည်ငြိမ်မှုရှိကြောင်း လူမှုကွန်ရက်မီဒီယာတွင် ပြောကြားခဲ့သည်။ အစ္စရေးနှင့် ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲရေး အောင်မြင်ရန် မျှော်လင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်လိုကြောင်း ထုတ်ဖော်ပြောကြားပြီးနောက် အမေရိကန်ဒုတိယသမ္မတ ကာမလာဟားရစ်သည် ယခုအခါ ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်း ဖြစ်လာဖွယ်ရှိသည်။

ထရမ့်သည် ၎င်း၏ ခေါင်းဆောင်မှုစွမ်းရည်ကိုပြသရန် ကြိုးပမ်းမှုအဖြစ် ကမ္ဘာ့ခေါင်းဆောင်များနှင့် မကြာသေးမီက စကားပြောဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ပါရီအားကစားပြိုင်ပွဲတွင် အစ္စရေးကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရေး အိုင်အိုစီသို့ ပါလက်စတိုင်းအိုလံပစ်ကော်မတီ တောင်းဆို




**ဂျေရုဆလင် ဇူလိုင် ၂၄**

ပါလက်စတိုင်း အိုလံပစ်ကော်မတီသည် လာမည့်ပါရီအိုလံပစ်အားကစားပြိုင်ပွဲတွင် အစ္စရေးကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုရေး နိုင်ငံတကာ အိုလံပစ်ကော်မတီ (အိုင်အိုစီ) သို့ တောင်းဆိုလိုက်ကြောင်း သိရသည်။

တနင်္လာနေ့တွင် အိုင်အိုစီဥက္ကဋ္ဌ သောမတ်စ်ဘတ်ချ်ထံသို့ တရားဝင် စာတစ်စောင်ပေးပို့ခဲ့ကြောင်း ပါလက်စတိုင်းအိုလံပစ်ကော်မတီက ပြောသည်။ အစ္စရေးသည် လွန်ခဲ့သည့် နိုဝင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချိုးဖောက်ကြောင်း ယင်းစာထဲတွင် အခိုင်အမာ ဖော်ပြထားသည်။

ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုခဲ့သော ဆုံးဖြတ်ချက်တွင် အိုလံပစ်ပြိုင်ပွဲမဖွင့်မီ ခုနစ်ရက်မှ မသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲပြီးနောက် ခုနစ်ရက်အထိ ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခအားလုံးကို အိုလံပစ် အပစ်အခတ် ရပ်စဲရေးအတွက် တောင်းဆိုထားကြောင်း ဖော်ပြထားသည်။

ထို့အပြင် ပါလက်စတိုင်းဘောလုံးအဖွဲ့ချုပ်ကလည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သို့ စာတစ်စောင်ပေးပို့ခဲ့ပြီး အိုလံပစ်ပြိုင်ပွဲတွင် အစ္စရေးအသင်းကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုရန် တောင်းဆိုထားသည်။ အစ္စရေးအသင်းသည် ဗုဒ္ဓဟူးနေ့တွင် ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် မာလီအသင်းနှင့် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည်။

ယင်းစာထဲတွင် ယခုလိုအခြေအနေတွင် အစ္စရေးအသင်းကို ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ကစားခွင့်ပြုမည်ဆိုပါက ဖီဖာ၏ အခြေခံ ရည်မှန်းချက်များ၊ လူ့အခွင့်အရေးအပေါ် လေးစားလိုက်နာမှုနှင့် ခွဲခြားဆက်ဆံမှု မရှိစေရေးမူများကို ထိခိုက်ရာရောက်ကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူ၌ လေယာဉ်ပျက်ကျမှုကြောင့် ၁၈ ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရ

**ခတ္တမန္ဒူ ဇူလိုင် ၂၄**

နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူမြို့ ထရီဘူဗန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဇူလိုင် ၂၄ ရက်က ပြည်တွင်း လေကြောင်းလိုင်း လေယာဉ်တစ်စင်း ပျံတက်စဉ် ပျက်ကျမှု ဖြစ်ပွားခဲ့ပြီး ၁၈ ဦး သေဆုံး၍ တစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ လေယာဉ်သည်မြေပြင်ပေါ်သို့ ထိုးစိုက်ကျဆင်းသွားခဲ့ပြီး ပေါက်ကွဲသည့်အသံကို လေဆိပ်အတွင်းမှ ကြားရကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျရာ နေရာတွင် လူရှစ်ဦး၏ အလောင်းကို တွေ့ရှိရသည်ဟု နီပေါနိုင်ငံပြည်တွင်း လေကြောင်းအာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဟန်ဆာရာ့ဂျ်ပန်ဒေက ပြောသည်။

ဒဏ်ရာရရှိထားသူ တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးထားပြီး ဆေးကုသမှု ခံယူနေကြောင်း၊ လေဆိပ်ကို ပိတ်ထားရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ပိုခါရာမြို့သို့ ဦးတည်ပျံသန်းသည့်ဆူရီယာလေကြောင်းလိုင်းသည် လူ ၁၉ ဦးကိုတင်ဆောင်ပျံသန်းခဲ့ကြောင်း၊ ၎င်းတို့အားလုံးမှာ လေကြောင်းလိုင်းမှ လူများ ဖြစ်ကြကြောင်း ပန်ဒေက ပြောသည်။



အဆိုပါ လေယာဉ်သည် ပြုပြင်ထိန်းသိမ်းမှု၊ စစ်ဆေးမှုများ ပြုလုပ်ရန် ပိုခါရာမြို့သို့ ဦးတည်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း လေဆိပ် ပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသို့ ပြောသည်။ လေယာဉ်မှူးတစ်ဦးတည်းသာ အသက်ရှင်ကျန်ရစ်ပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းသွားမည်ဟု သိရသည်။

**ဆင်ဟွာ**

## အင်ဒိုနီးရှားဒုတိယသမ္မတဟောင်း ကွယ်လွန်

**ဂျကာတာ ဇူလိုင် ၂၄**

အင်ဒိုနီးရှားဒုတိယသမ္မတဟောင်း ဟမ်ဇာဟက်ဇ်သည် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ဂျကာတာမြို့လယ်ရှိ ၎င်း၏နေအိမ်တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။ ၎င်းကွယ်လွန်ချိန်တွင် အသက် ၈၄ နှစ်ရှိပြီဖြစ်သည်။

၎င်းသည် သမ္မတဟောင်း ဆူကာနိုပူထရီလက်ထက်တွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဒုတိယသမ္မတ တာဝန်များကို ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ လက်ရှိသမ္မတ ဂျိုကိုဝီဒိုဒိုက ဒုတိယသမ္မတဟောင်း သေဆုံးမှုအတွက် ဝမ်းနည်းကြောင်းပြောသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံ၏ လူဦးရေ ၁၅ နှစ်ဆက်တိုက် ကျဆင်း

**တိုကျို ဇူလိုင် ၂၄**

ဂျပန်နိုင်ငံ၏ လူဦးရေမှာ ၁၅ နှစ်ဆက်တိုက် ကျဆင်းလျက်ရှိပြီး နိုင်ငံအတွင်း နိုင်ငံခြားသားနေထိုင်သူဦးရေမှာ စံချိန်တင်မြင့်မားလျက်ရှိသည်။ ယခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ဂျပန်နိုင်ငံတွင် နေထိုင်သူ ၁၂၄ ဒသမ ၈၈၅ သန်းကျော်ရှိပြီး ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ၀ ဒသမ ၄၂ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု ပြည်တွင်းရေးရာဝန်ကြီးဌာနက ပြောသည်။ တိုကျိုမြို့တွင် လူဦးရေအများဆုံးဖြစ်ကာ ၁၃ ဒသမ ၉ သန်းနေထိုင်လျက်ရှိသည်။

ယင်းနောက်တွင် ကာနာဂါဝါခရိုင်၌ လူပေါင်း ၉ ဒသမ ၂ သန်းနေထိုင်ပြီး အိုဆာကာတွင် ၈ ဒသမ ၇ သန်းနှင့် အာချီခရိုင်၌ ၇ ဒသမ ၅ သန်းနေထိုင်လျက်ရှိသည်။ တော့တိုရီခရိုင်၌ လူဦးရေအနည်းဆုံးဖြစ်ကာ လူပေါင်း ၅၄၀၂၀၀ နေထိုင်ကြသည်။ တိုကျို၊ အိုကီနာဝါနှင့် ချီဘာတို့တွင် လူဦးရေမှာ တစ်နှစ်ထက်တစ်နှစ်ပို၍ များပြားလာပြီး အခြားသောခရိုင် ၄၄ ခုတွင် လူဦးရေကျဆင်းလျက် ရှိသည်။

ဂျပန်နိုင်ငံ၏ လူဦးရေမှာ ၁၅ နှစ် ဆက်တိုက်ကျဆင်းလျက်ရှိပြီး ၂၀၀၉ ခုနှစ်တွင် လူဦးရေ ၁၂၇ သန်းဖြင့် အများဆုံးဖြစ်ခဲ့သည်။ ပြီးခဲ့သည့်နှစ်အတွင်း ကလေးမွေးဖွားမှုနှုန်းမှာ ၇၂၉၃၀၀ ရှိပြီး ၁၉၇၉ ခုနှစ်မှစတင်၍ စာရင်းကောက်ယူမှုတွင် အနိမ့်ဆုံးပမာဏဖြစ်သည်။ ဂျပန်နိုင်ငံတွင် နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားဦးရေမှာ ၃ ဒသမ ၃၂ သန်းရှိပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၀၁ ရာခိုင်နှုန်းများပြားလာသည်။ နိုင်ငံခြားသားနေထိုင်သူဦးရေမှာ ပထမဆုံးအကြိမ် သုံးသန်းကျော်လာခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## တိုင်ဖွန်း ဂေမီနှင့်အတူ အနောက်တောင်မုတ်သုံလေ တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်တွင် လူရှစ်ဦးသေဆုံး

**မနီလာ ဇူလိုင် ၂၄**

တိုင်ဖွန်းမုန်တိုင်း ဂေမီနှင့်အတူ အနောက်တောင်မုတ်သုံလေတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာနှင့် မြောက်ပိုင်းပြည်နယ်များတွင် ဇူလိုင် ၂၄ ရက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ရာ မြို့တော်မနီလာနှင့် အနီးတစ်ဝိုက်ကို ကပ်ဘေးအခြေအနေတစ်ရပ်အဖြစ် ကြေညာခဲ့ရသည်။

တိုင်ဖွန်းမုန်တိုင်းကြောင့် လူဦးရေ ၁၃ သန်းခန့် နေထိုင်ပြီး မြို့နယ် ၁၆ မြို့နယ်ဖြင့် ဖွဲ့စည်းထားသည့် မြို့တော်မနီလာဒေသ၌ အစိုးရရုံးအများစုနှင့် ကျောင်းအားလုံးကို ခေတ္တပိတ်ထားရန် သမ္မတရုံးက ညွှန်ကြားထားသည်။

တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ယခုချိန်အထိ လူရှစ်ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ကယ်ဆယ်ရေးသမားများသည် ရေကြီးမှုကြောင့် နေအိမ်များတွင် ပိတ်မိနေသော ဒေသခံများကို ကယ်တင်ရန် လှေများကို အသုံးပြုကြရသည်။

ရေကြီးမှုကြောင့် တချို့ဒေသများတွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

ရာသီဥတုဆိုးရွားမှုကြောင့် လူဇုန်ကျွန်းရှိ လေယာဉ်ကွင်းများကိုလည်း ပိတ်ထားရသည်။ ရေကြီးမှုကြောင့် နီနိုင်အကွီနိုအပြည်ပြည်ဆိုင်ရာလေဆိပ် ဂိတ် ၄ ကို ပိတ်ထားရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် နှစ်စဉ် တိုင်ဖွန်းမုန်တိုင်း အကြိမ် ၂၀ ခန့် တိုက်ခတ်လေ့ရှိသည်။ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကို ဖြစ်ပေါ်စေသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများကြောင့် ကျွန်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံသည် နှစ်စဉ် ထိခိုက်ပျက်စီးလျက်ရှိပြီး လူသေဆုံးခြင်း၊ ကောက်ပဲသီးနှံနှင့် အိုးအိမ်များ ပျက်စီးခြင်းတို့ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**

# ကျောက်ဆည်ခရိုင် နွေစပါးရိတ်သိမ်းမှုနှင့် ဈေးနှုန်းဈေးကွက်



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်သောကြောင့် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိပြီး နွေစပါးသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိရာ ခရိုင်အတွင်း နွေစပါးစိုက်ဧကအနေဖြင့် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ၆၅၁၉ ဧက စိုက်ပျိုးထားရှိပြီး ဇူလိုင်လ ဒုတိယပတ်အထိ ၄၂၇၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးရာတွင် မျိုးအနေဖြင့် မနောသုခမျိုးနှင့် ရောပဒေသာမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် နွေစပါးတစ်ဧကလျှင် မျိုး၊ စိုက်ပျိုးစရိတ်၊ သွင်းအားစု၊ ရိတ်သိမ်းစရိတ်၊ လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၇၈၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် တင်း ၈၀–၉၀ ထွက်ရှိပြီး နွေစပါးဈေးနှုန်းများမှာ မနောသုခတစ်တင်းလျှင် ငွေကျပ် ၂၃၀၀၀ ဖြင့် လည်းကောင်း၊ ရောပဒေသာ တစ်တင်းလျှင် ငွေကျပ် ၂၉၀၀၀ ဖြင့်လည်းကောင်း ဒေသတွင်း၌ ရောင်းဝယ်လျက်ရှိပြီး နွေစပါးစိုက်ပျိုးတောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်များ ရရှိကြောင်း သိရှိရသည်။

DOCA(မန္တလေး)

## မုံရွာမြို့နယ်၌ ကွမ်းဈေးကောင်းမွန်ပြီး အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာစိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော ကွမ်းဈေးနှုန်းများအနေဖြင့် ကွမ်းအရည်အသွေးအပေါ်မူတည်၍ ကွမ်းရွက်တစ်ပိဿာလျှင် ဇူလိုင်လ ပထမပတ်တွင် ငွေကျပ် ၁၅၀၀ – ၂၀၀၀ ဖြင့် လည်းကောင်း၊ ဇူလိုင်လ ဒုတိယပတ်တွင် ငွေကျပ် ၂၀၀၀–၃၀၀၀ ဖြင့် လည်းကောင်း၊ ဇူလိုင်လ တတိယပတ်တွင် ငွေကျပ် ၃၀၀၀–၃၅၀၀ ဖြင့် လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ မိုးရာသီအချိန်တွင် ချင်းတွင်းမြစ်ရိုးတစ်လျှောက် မြစ်ရေဝင်ရောက်မှုကြောင့် ကွမ်းခြံများရှိ ကွမ်းရွက်များကို ခူးဆွတ်နိုင်ခြင်း မရှိသည့်အတွက် ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုနည်းပါးကာ ဈေးကောင်းရရှိလာကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရှိရသည်။

DOCA (စစ်ကိုင်း)



## ပခုက္ကူဈေးကွက်၌ ပဲစင်းငုံ (အနီ) ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်သို့ ပခုက္ကူမြို့နယ်အတွင်းရှိကျေးရွာများနှင့် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးထွက်ရှိသော ပဲစင်းငုံ(အနီ) သီးနှံများဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တစ်ရက်လျှင် အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဇူလိုင်လ တတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းမှာ ပဲစင်းငုံ(အနီ) တစ်တင်းလျှင် ငွေကျပ် ၁၄၁၆၀၀ ဖြစ်ကြောင်း၊ ဇူလိုင်လ ဒုတိယပတ်ထက် ငွေကျပ် ၂၀၀၀ ခန့် ဈေးအနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်သွက်လျက်ရှိပြီး မြန်မာပြည်အောက်ပိုင်းသို့ တင်ပို့၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှ သိရှိရသည်။ DOCA (မကွေး)

## ပခုက္ကူဒေသထွက် ခရမ်းသီးများ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ဘောလုံးခုံလေလံကျွန်း၊ မြင်းကျွန်း၊ သဘော်ာကုန်း၊ ရွာသာကုန်း စသည့်ကျေးရွာများနှင့် မြစ်ခြေမြို့၊ ကမ္မမြို့များတွင် ခရမ်းသီးကို ကိုင်းကျွန်းမြေများ၌ နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးရာတွင် မျိုးအနေဖြင့် ခရမ်းသီးအစိမ်းကြားမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ပခုက္ကူမြို့ဒေသထွက် ခရမ်းသီးများမှာ ဇူလိုင်လဆန်းမှ စတင်ထွက်ရှိပြီး လက်ရှိအချိန်တွင် လှိုင်လှိုင် ထွက်ပေါ်လျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဇူလိုင်လ တတိယပတ်တွင် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀–၃၀၀၀ ဖြင့် ပခုက္ကူဒေသတွင်း၌ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လ ဒုတိယပတ်အတွင်း ခရမ်းစိုက်ခင်းများအတွင်း မြစ်ရေများဝင်ရောက်မှုများကြောင့် ဈေးကွက်အတွင်း ခရမ်းသီးဝင်ရောက်မှုနည်းပါး၍ ဈေးကောင်းရရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

## ၂၄.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၉၂ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | – | ၁၇၅၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၇၅ | ၁၉၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၈၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၂၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၅၀ | ၁၃၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၂၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၅၄၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၉၀၀၀ | ၅၈၆၀ | ၉၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၆၁၀၀ | ၅၅၀၀ | ၂၃၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၆၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၇၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၇၀၀၀ | ၆၃၁၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀ | ၈၂၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၈၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၂၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၁၅၀ | ၁၁၀၀၀ | ၂၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၂၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၆၀၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၄၀၀ | ၁၃၂၀၀ | ၇၅၀၀ | ၈၅၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၄၀၀ | ၆၂၂၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၂၀၀ | ၁၃၄၀၀ | ၈၀၀၀ | ၉၂၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၄၇၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဇူလိုင် ၂၄**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကားပြောကြား ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တိုင်တန်းစာများ၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ ကြည့်ရှုစစ်ဆေးမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၈ / ၂၀၂၄)

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အဓိက လုပ်ငန်းတာဝန်များဖြစ်သော လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကော်မရှင်ဥပဒေအခန်း (၅) ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းကို လည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) အရ တိုင်တန်းချက်၊ စွပ်စွဲချက်နှင့် သတင်းအရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (င) အရ လူ့အခွင့်အရေးဖောက်ဖျက်မှုဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိကထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်းကိုလည်းကောင်း တာဝန်နှင့်လုပ်ပိုင်ခွင့်အရ နည်းစဉ်လျာထားချက်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသည့် တိုင်တန်းချက် ၁၃၅ စောင် လက်ခံရရှိခဲ့ရာ အဆိုပါ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အစည်းအဝေး (၂၅) ကြိမ် ကျင်းပ၍ စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များအနက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ စိစစ်ဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း ၃၁ မှု၊ တိုင်တန်းသူထံ အကြံပြုပြန်ကြားခြင်း ၁၈ မှုတို့ ဆောင်ရွက်ပေးခဲ့ပြီး မှတ်တမ်းထားရှိခြင်း ၈၅ မှုနှင့် ကာယကံရှင်၏ သဘောဆန္ဒအရ အမှုပိတ်သိမ်းခြင်း ၁ မှုတို့ ပါဝင်ပါသည်။

မှတ်တမ်းထားရှိသည့် တိုင်တန်းချက် ၈၅ စောင်သည် ကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများ၊ တိုင်တန်းချက်အင်္ဂါရပ်နှင့်မညီညွတ်သောအမှုများနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးသော တိုင်တန်းချက်များဖြစ်သဖြင့် မှတ်တမ်းအနေဖြင့် စနစ်တကျထိန်းသိမ်းထားရှိခြင်း ဖြစ်ပါသည်။

တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ လိုအပ်သကဲ့သို့ စိစစ်ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ခဲ့ရာ လက်ခံရရှိခဲ့သော ပြန်ကြားချက်များကို တိုင်တန်းသူကာယကံရှင်များထံသို့ ကော်မရှင်မှ ပေးပို့ပြန်ကြားပေးခဲ့ပါသည်။ ကော်မရှင်၏ရုံးခွဲများဖြစ်သော နေပြည်တော် (ရုံးခွဲ)၊ မန္တလေး (ရုံးခွဲ)၊ စစ်တွေ(ရုံးခွဲ)နှင့် ပုသိမ် (ရုံးခွဲ)များမှလည်း တိုင်တန်းချက်များကို လက်ခံပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံရနေသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ညီ/မညီ ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

ကော်မရှင်စစ်ဆေးရေးအဖွဲ့သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ အကျဉ်းထောင် ၅ ခု၊ အချုပ်ထောင် ၂ ခု၊ အကျဉ်းစခန်း ၇ ခု၊ ရဲစခန်းအချုပ်ခန်း ၁၂ ခု၊ တရားရုံး အချုပ်ခန်း ၁၃ ခု၊ လူငယ်သင်တန်းကျောင်း ၃ ခုနှင့် ဘိုးဘွားရိပ်သာ ၁၀ ခုတို့ကို ကော်မရှင်ဥပဒေနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကော်မရှင်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ ကြည့်ရှုစစ်ဆေးချိန်အတွင်း အကျဉ်းသား၊ အချုပ်သားတို့ကို တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ အရ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီမညီ"၊ အကျဉ်းသား၊ အချုပ်သားအိပ်ဆောင်များ၊ အကျဉ်းသား၊ အချုပ်သားတစ်ဦးချင်းအတွက် ရရှိသင့်သည့်အသုံးအဆောင်များရရှိမှုအခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှုအခြေအနေ စသည်တို့ကို မေးမြန်းကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့ပြင် အကျဉ်းသား၊ အချုပ်သားများကို ယင်းတို့၏ အိပ်ဆောင်များတွင် တွေ့ဆုံကာ ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ ပြည့်စုံစွာရရှိခြင်း ရှိ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဦးချင်း လွတ်လပ်စွာ တွေ့ဆုံတင်ပြလိုသော အကျဉ်းသား၊ အချုပ်သား စုစုပေါင်း (၃၃) ဦးတို့ကိုလည်း ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ မေးမြန်းမှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် တိုင်တန်းစာများအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို အလေးထားစိစစ်ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုချက်ပေးပို့ဆောင်ရွက်လျက်ရှိရာတွင် တိုင်ကြားသူများကို လက်တုံ့ပြန်မှုမခံရစေရေး အလေးထားဆောင်ရွက်ပါသည်။

နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း၊ **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖက်စ်-၀၁-၆၅၄၆၇၈၊ ကော်မရှင် website ဖြစ်သော https://mnhrc.org.mm မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ တိုင်တန်းချက်ပေးပို့ရာတွင် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေပူးတွဲပါရှိရန် လိုအပ်ပါသည်။

တိုင်တန်းချက်များကို စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုများကြောင့် လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် နစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် လူ့အခွင့်အရေး ဖောက်ဖျက်ခြင်းများ ခံစားကြုံတွေ့ရပါက ကူညီဆောင်ရွက်ပေးနိုင်ရေး ကော်မရှင်သို့ တိုင်တန်းစာများ ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# လောကနန္ဒာ၊ မြင်းကပါနှင့် ဖွားစောရွာများဆီသို့

*မြင့်စိုး(နတလ)*

**မဥ္ဆူသကနတ်ပန်းရနံ့ မွှေးပျံ့စေချင်**

ဇူလိုင်လ ၁၁ ရက်နေ့၊ ပုဂံ/ ညောင်ဦးဒေသသို့ နေ့ချင်းပြန်ခရီးသွားခဲ့သည်။ ရည်ရွယ်ချက်မှာ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ အရှေ့ဖွားစော၊ အနောက်ဖွားစော၊ မြင်းကပါ၊ ကုန်းတန်းကြီးနှင့် နတ်ကြိုအိုင်ကျေးရွာ အဝင်လမ်းများ၊ ရွာတွင်းလမ်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြုပြင်ဖောက်လုပ်ပေးလျက်ရှိရာ လုပ်ငန်းစတင်နိုင်မှု၊ ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးရန်၊ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ထိုနေ့က ကုန်းတန်းကြီးကျေးရွာသို့ အရင်သွားသည်။ ပြီးလျှင် ဖွားစောအရှေ့ရွာနှင့် အနောက်ရွာများသို့ ရောက်ခဲ့သည်။ ထိုမှ လောကနန္ဒာစွယ်တော်မြတ်စေတီကို သွားရောက်ဖူးမြော်ခဲ့သည်။ ဘုရားဖူးပြီးပါက မဥ္ဆူသကနတ်ပန်းထုပ်လေးများ ရောင်းချနေကြသော ဈေးသည်လေးများနှင့် ခေတ္တခဏတွေ့ခွင့်ရအောင် စီစဉ်ပေးပါရန် ဂေါပကအဖွဲ့သို့ မေတ္တာရပ်ခံထားပေရာ ဓမ္မာရုံတစ်ခုအတွင်း၌ စုပေးထားပါသည်။ ၁၅ ယောက်ခန့် ရှိမည်ထင်ရ၏။ ကျွန်တော်ဝင်သွားချိန်မှာ အားလုံးက မျက်လုံးလေးတွေ ပေကလတ် ပေကလတ်နှင့် ကြည့်နေကြ၏။ သည်ဆရာ ငါတို့ကို ဘာများပြောမှာပါလိမ့်. . .။

"ကိုင်း.....ငါ့သမီးတို့၊ ညည်းတို့နဲ့ တွေ့ရတာဝမ်းသာပါတယ်။ ပြောစရာလေး နည်းနည်းရှိလို့ စုခိုင်းလိုက်တာပါ။ ပြီးခဲ့တဲ့ ဇွန်လ ၁၉ ရက်နေ့တုန်းက အဘ သည်ဘုရားကို လာဖူးတယ်။ ဘုရားအဆင်းမှာ သမီးတို့ ဈေးရောင်းတဲ့ ရှေ့ကဖြတ်သွားတော့ တစ်ယောက် မဥ္ဆူသကနတ်ပန်းထုပ်လေးတွေ လက်ဆောင်ယူသွားပါဦးဆိုပြီး လိုက်ပေးတာမှတ်မိလား. . ." ဟု ကျွန်တော်မေးလိုက်သောအခါ ဒုတိယတန်း ညာအစွန်မှာ ထိုင်နေသော သမီးတစ်ယောက်က ကျွန်မလိုက်ပေးတာပါဟု မဝံ့မရဲပုံစံလေးနှင့် ဖြေသည်။ သူ့ကြည့်ရတာ တစ်စုံတစ်ရာအတွက် ပူပန်နေသလိုလို သနပ်ခါးလူးထားသော နဖူးပြင်မှာ ဇောချွေးလေးများပင် ပြန်ချင်ချင်ဖြစ်နေပုံရ၏။

"ကျေးဇူးတင်တယ် သမီးရေ၊ အဘ အိမ်ပြန်ရောက်တော့ အထုပ်မှာပါတဲ့ အညွှန်းအတိုင်း နှလုံးအားကောင်းအောင် မျက်စိကြည်အောင်၊ အမောပြေခြင်း၊ ခန္ဓာကိုယ်နုပျိုခြင်းတို့နဲ့ ပြည့်စုံအောင် ပျားရည်နဲ့ရောပြီး စားလိုက်တာပေါ့ကွယ်။ စားလို့ကောင်းပါတယ်။ အဘတို့ ငယ်ငယ်တုန်းကလည်း မဥ္ဆူသကနတ်ပန်းပွင့်လေးတွေ ကောက်ပြီး စားဖူးနေလို့ ချိုအီအီအရသာလေးကို မှတ်မိနေတယ်။ ဒါပေမယ့်. . .



လောကနန္ဒာစွယ်တော်မြတ်စေတီအား ဖူးမြော်၍ အမှတ်တရဓာတ်ပုံရိုက်စဉ်။

**❖ မဥ္ဆူသကနတ်ပန်းပွင့် (သို့မဟုတ်) မည်စည်ပွင့်များမှ ဝိုင်အမျိုးမျိုးထုတ်လုပ်ခြင်း၊ ယိုလုပ်ငန်းများတွင် ရနံ့သင်းပျံ့စေရန် အသုံးပြုခြင်း၊ မဥ္ဆူသကနတ်ပန်းအဆီတွင် Antioxidant နှင့် Vitamin ဓာတ်များစွာ ပါဝင်သဖြင့် ခန္ဓာကိုယ်အရေပြားအတွက် အထူးကောင်းမွန်ပြီး Skin Care Product များ ထုတ်လုပ်ခြင်းတို့တွင်လည်း အသုံးပြုကြောင်း သိရသည်။ မဥ္ဆူသကနတ်ပန်းရနံ့သည် မပြင်းလှဘဲ ထူးခြားသော ရနံ့မျိုးဖြစ်၍ အတိတ်ကာလကို ပြန်လည်သတိရတမ်းတစေနိုင်သော လက္ခဏာမျိုးရှိသည်ဟူ၍ပင် ညွှန်းဆိုထားကြောင်း တွေ့ရသည်။ ဆေးဖက်ဝင်ဂုဏ်သတ္တိအနေဖြင့်မူ ကိုယ်ခံအားကောင်းမွန်စေခြင်း၊ ဖျားနာမှုကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကို သက်သာစေခြင်း၊ ဆီးချို၊ နှလုံးရောဂါများ ကာကွယ်ခြင်းတို့ကို ပေးစွမ်းနိုင်ကြောင်း သိရ**



မဥ္ဆူသကနတ်ပန်းရောင်းသော ဒေသခံဈေးသည်များနှင့် တွေ့ဆုံခဲ့စဉ်။

ကျွန်တော်၏ ဒါပေမယ့်နောက်မှာ ဆက်မည့်စကားကို သူတို့ပိုပြီး သိလိုကြားလိုစိတ်ဖြင့် ပြင်းပြနေမည်မှာ သေချာသည်။ ပေးလိုက်တဲ့အထဲမှာ ဘာများပါသွားပါလိမ့်၊ ဘာများတွေ့သွားလို့ပါလိမ့် ဆိုသည့် အတွေးများစွာနှင့် ဖြစ်နေကြပါလိမ့်မည်။

"ပထမဆုံး သမီးတို့ သတိထားရမှာက နတ်ပန်းပွင့်လေးတွေ မထုပ်ပိုးခင်မှာ သဲမှုန့်လေးတွေစင်အောင်၊ သန့်အောင်လုပ်ဖို့လိုလိမ့်မယ်။ အဘစားကြည့်တော့ သဲနည်းနည်းပါနေတာ တွေ့ရတယ်။ ဒါကတစ်ချက်၊ နောက်တစ်ခုက အထုပ်ထုပ်တဲ့နေရာမှာ ဘာနဲ့ သွားတူနေသလဲဆိုတော့ အဘတို့ ငယ်ငယ်တုန်းက စားခဲ့တဲ့ ပဲကြီးလှော်ထုပ်နဲ့ တူနေတယ်။ ပလတ်စတစ်အိတ်လေးထဲကိုထည့် သံချောင်းလေးခံ မီးပြပြီး ပိတ်ထားတာလေ။ အဲဒါကိုလည်း ပြင်ရမယ်။ ဒီမှာကြည့်လိုက် ဒါက သမီးတို့ပေးလိုက်တဲ့ အထုပ်လေး၊ ဒီနှစ်ထုပ်ကတော့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို တာဝန်ပေးပြီး ထုပ်ပိုးမှုပုံစံ ပြင်ထားတာ။ တစ်ခုက ရယ်ဒီမိတ်ထည့်လို့ရတဲ့ စက္ကူအိတ်လေးသုံးထားတယ်။ ဒီတစ်ထုပ်က အိတ်ပိတ်စက်သုံးပြီး ပိတ်ပြထားတယ်။ သန့်ရှင်းသပ်ရပ်မှုရော ထုပ်ပိုးမှုပုံစံပါ ကွာမသွားဘူးလား။ ကုန်ကျစရိတ်ကလည်း စက္ကူအိတ်ဖိုးအပါမှ ၂၀၀ ကျပ်စွန်းစွန်းပဲ။ အိတ်ပိတ်စက်နဲ့ ပိတ်ထားတဲ့ ပလတ်စတစ်အကြည်အိတ်က ဈေးပိုသက်သာတယ်"

ကျွန်တော် နမူနာယူလာသော မဥ္ဆူသကနတ်ပန်းထုပ်လေးများကို ပြသရင်း ရှင်းပြတော့ သူတို့မျက်နှာလေးတွေ တိမ်စင်လနှယ် ဝင်းပလာသည်။ သူတို့အား ခေါ်ရခြင်းအကြောင်းရင်းကို ရှင်းလင်းစွာ သိလာကြသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကလည်း ထုပ်ပိုးမှုပုံစံပြောင်းထားရုံမျှမက မဥ္ဆူသကနတ်ပန်းပွင့်တွေထဲမှာ ပါဝင်ပစ္စည်း အာဟာရတန်ဖိုးများကို ဓာတ်ခွဲစမ်းသပ်ရယူပေးထားသေးသည်။ သည်အပိုင်းကိုတော့ ကျွန်တော်နှင့်အတူ လိုက်ပါလာသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်က ဆက်ရှင်းပြသည်။

**မဥ္ဆူသကနတ်ပန်း (သို့မဟုတ်) မည်စည်ပင်**

မဥ္ဆူသကနတ်ပန်းပင် (သို့မဟုတ်) မည်စည်ပင်၏ ရုက္ခဗေဒအမည်မှာ Madhuca Longifolia ဟုခေါ်တွင်ပြီး အမြဲစိမ်းအပင်ကြီးမျိုးဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ ပူပြင်းပြီး စိုထိုင်းမှုရှိသော ဒေသများတွင် အဓိကစိုက်ပျိုးကြကြောင်း၊ အစေ့များမှ အဆီထုတ်၍ ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ထောပတ်တု၊ လောင်စာဆီများ ထုတ်လုပ်ကြကြောင်း၊ အပွင့်များမှ အချိုဓာတ်ရသဖြင့် တမီလ်လူမျိုး(Tamils) များက သကြားအစားထိုး ပစ္စည်းအဖြစ် အသုံးပြုကြကြောင်း၊ အစေ့ကြိတ်ဖတ်များကလည်း စိုက်ခင်းများအတွက် အလွန်ကောင်းမွန်သည့် သဘာဝမြေဩဇာများဖြစ်ကြောင်း သိရသည်။ မဥ္ဆူသကနတ်ပန်းပွင့် (သို့မဟုတ်) မည်စည်ပွင့်များမှ ဝိုင်အမျိုးမျိုး ထုတ်လုပ်ခြင်း၊ ယိုလုပ်ငန်းများတွင် ရနံ့သင်းပျံ့စေရန် အသုံးပြုခြင်း၊ မဥ္ဆူသကနတ်ပန်းအဆီတွင် Antioxidant နှင့် Vitamin ဓာတ်များစွာ ပါဝင်သဖြင့် ခန္ဓာကိုယ်အရေပြားအတွက် အထူးကောင်းမွန်ပြီး Skin Care Product များ ထုတ်လုပ်ခြင်းတို့တွင်လည်း အသုံးပြုကြောင်း သိရသည်။ မဥ္ဆူသကနတ်ပန်းရနံ့သည် မပြင်းလှဘဲ ထူးခြားသော ရနံ့မျိုးဖြစ်၍ အတိတ်ကာလကို ပြန်လည်သတိရတမ်းတစေနိုင်သော လက္ခဏာမျိုးရှိသည်ဟူ၍ပင် ညွှန်းဆိုထားကြောင်း တွေ့ရသည်။ ဆေးဖက်ဝင်ဂုဏ်သတ္တိအနေဖြင့်မူ ကိုယ်ခံအားကောင်းမွန်စေခြင်း၊ ဖျားနာမှုကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းမှုကို သက်သာစေခြင်း၊ ဆီးချို၊ နှလုံးရောဂါများ ကာကွယ်ခြင်းတို့ကို ပေးစွမ်းနိုင်ကြောင်း သိရသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဓာတ်ခွဲစမ်းသပ်မှုတွင် Carbohydrate ၄၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ Fat ၄၀ ဒသမ ၉ ရာခိုင်နှုန်း၊ Moisture ၇ ဒသမ ၁၈ ရာခိုင်နှုန်း၊ Protein ၃ ဒသမ ၀၅ ရာခိုင်နှုန်း၊ Fiber ၂ ဒသမ ၆၇ ရာခိုင်နှုန်း၊ Ash ၂ ဒသမ ၆၄ ရာခိုင်နှုန်း ပါဝင်ကြောင်းသိရသည်။ မဥ္ဆူသကနတ်ပန်းပင်(သို့မဟုတ်) မည်စည်ပင်များကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသများဖြစ်သော မန္တလေး၊ မုံရွာ၊ ကျောက်ဆည်တို့တွင်လည်းကောင်း၊ ပုပ္ပားဘက်တွင်လည်းကောင်း အများဆုံးတွေ့ရပေမည်။ ယခု ပုဂံ၊ ညောင်ဦးဒေသမှ ဈေးသည်လေးများအနေဖြင့် ပန်းပွင့်ကုန်ကြမ်းများကို ထိုဒေသများမှ ရယူခဲ့ကြောင်း သိရသည်။

**သင်တန်းပို့ချပေးမည်**

ပုဂံမှပြန်လာချိန် ပြည်ထောင်စုဝန်ကြီးထံ သတင်းပို့ပြီး သင်တန်းဖွင့်လှစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။ ဝန်ကြီးက အိတ်ပိတ်စက်ပါ

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ထောက်ပံ့ပေးရန် မှာကြားပါသည်။ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ရည်ရွယ်ချက်များ အတိုင်း မဇ္ဈိမသကနတ်ပန်း အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန်၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းသော ထုတ်ကုန်ပစ္စည်း ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များစေ ရေးနှင့် မိသားစုဝင်ငွေတိုးရေး အစရှိသော ရည်ရွယ် ချက်များဖြင့် လောကနန္ဒာစွယ်တော်မြတ်စေတီ၏ အရိပ်အာဝါသအောက်တွင် နေရာတစ်ခုစီစဉ်၍ မဇ္ဈိမသကနတ်ပန်း အခြေခံတန်ဖိုးမြှင့်ထုတ်ကုန် ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းတစ်ခု ဖွင့်လှစ်ပေးပါမည်။ မျက်နှာသစ်ဆပ်ပြာခဲ၊ ဆံသား အားဖြည့်ဆီ၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ ယို အမျိုးမျိုး၊ ဝိုင်၊ လက်ဖက်ခြောက်၊ ကြမ်းတိုက် ဆေးရည်များ ထုတ်လုပ်ခြင်း၊ Packing နှင့် Labeling ဆိုင်ရာများ သင်ကြားပို့ချပေးခြင်းတို့ ဆောင်ရွက်ပေးပါမည်။ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ One Village One Product တစ်ခုအဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြစေရန်ကိုလည်း ရည်ရွယ်ပါသည်။ သည်လောက်ဆိုလျှင် လောက နန္ဒာဘုရားဝင်းအတွင်းက မဇ္ဈိမသကနတ်ပန်းသည် လေးများအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန၏ စေတနာကို သဘောပေါက်ပါပြီ။

**ဗျတ္တပန်းဆက်လမ်းနှင့် အတွေးတစ်စ**

ပုဂံရာဇဝင်ထဲက လူစွမ်းကောင်း ဗျတ္တ တောင်တော်ရွှေပုပ္ပား၏ အခေါင်အဖျားဆီက မွှေးကြူသောပန်းများ ဆွတ်ခူး၍ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးထံ ဆက်သခဲ့ရသည်ဆို၏။ ယင်းသို့ ဆက်သရာတွင် ဘုရားတင်ရန်ပန်းများ ပါဝင်သကဲ့သို့ ဆေးဖက်ဝင် မဇ္ဈိမသကနတ်ပန်းများ လည်း ပါဝင်ပေလိမ့်မည်။ သဘော်ာပျက်ရာမှ ပျဉ်ပြား တစ်ချပ်ကို ဖက်တွယ်ရင်း အသက်ဘေးမှ လွတ်မြောက်ကာ သထုံမနူဟာမင်း၏ ဆရာတော် (ဗားမဲ့ဆရာတော်) ထံ ခိုလှုံလာသော ဗျတ်ဝိဗျတ္တ ညီနောင်နှစ်ဦး၊ ဆရာတော်မရှိခိုက် ဇော်ဂျီဖိုလ်ဝင်သား ကို ခိုးစားပြီး ခားပြီး၊ တုတ်ပြီး၊ လုံ့ပြီး ကာယသိဒ္ဓိ တန်ခိုးတွေ ကြီးထွားလာသောအခါ မနူဟာမင်းက စိုးရိမ်၍ ဖမ်းဆီး၊ အစ်ကိုကြီးဖြစ်သော ဗျတ်ဝိနှင့် ချစ်သူ မအိုဇာတို့၏ ကွမ်းတစ်ယာ ရေတစ်မှုတ် ဇာတ်လမ်းကြောင့် ဗျတ်ဝိလည်းသေ၊ ဗျတ္တလည်း ပုဂံသို့ပြေးပြီး ကျန်စစ်သား၏ လက်အောက်၌ အမှုတော်ထမ်းရင်း အနော်ရထာမင်းထံ ပန်းတွေ ဆက်၊ ပုပ္ပားသူ မယ်ဝဏ္ဏနှင့် အိမ်ထောင်ကျပြီး သားနှစ်ယောက်ရ၊ အနော်ရထာမင်းကြီးက ကလေး များ ရေသုံးရန် ရွှေဖျဉ်းအိုးများ ချီးမြှင့်ခဲ့၍ ရွှေဖျဉ်း ကြီး၊ ရွှေဖျဉ်းလေးဟု အမည်တွင်ခဲ့၊ စောလူးမင်းနှင့် ကစားဖက်များဖြစ်လာ၊ အဖေဖြစ်သူ ဗျတ္တ အမှုတော် ထမ်းရင်း ကွယ်လွန်ချိန်မှာ ရွှေဖျဉ်းညီနောင်တို့ကို သူရဲကောင်းများအဖြစ် မြှောက်စားခံရ၊ ရွှေဖျဉ်း ညီနောင်တို့၏ အစွမ်းပြမှုကြောင့် အနော်ရထာမင်း အား လေးစားခန့်ညားသွားရသော တရုတ်ဘုရင် ဦးတည်ဘွားထံမှ ဗုဒ္ဓစွယ်တော်ပွားများ ရရှိပင့်ဆောင် လာချိန် ဖောင်တော်ဦး ဆိုက်ရပ်သွားခဲ့သော တောင်ပြုန်းဒေသမှာ ဘုရားတည်ဖို့ဖြစ်လာ၊ မင်းမှု ထမ်းအားလုံး အုတ်တစ်ချပ် သဲတစ်ဆုပ်လှူရန် ဘုရင့်အမိန့်ချထားသော်လည်း၊ အနော်ရထာမင်း၏ ချီးမြှင့်မြှောက်စားခြင်းခံရ၍ သောက်စားမူးယစ်နေ သော ရွှေဖျဉ်းညီနောင်တို့ လှူရန်ပျက်ကွက်ပြီး ဘုရားမှာ အုတ်နှစ်ချပ်လပ်နေ၊ ပျက်ကွက်သူကို အပြစ်ပေးရန် အမိန့်ချလိုက်သောအခါ မနာလို ဖြစ်နေသော မှူးမတ်အချို့က ရွှေဖျဉ်းညီနောင်တို့၏ လည်မျိုကို တုတ်ဖြင့် ရိုက်သတ်ခဲ့ကြ၊ တစ်နေ့ ဘုရင် အနော်ရထာ တိုင်းခန်းလှည့်လည်စဉ် တောင်ပြုန်း အရပ်မှာ ဖောင်တော်ရပ်တန့်နေရာ ဟူးရားဖြူ ဟူးရား ညိုတို့က ရွှေဖျဉ်းညီနောင် မင်းကြီးမင်းလေးနှစ်းပါး နတ်စိမ်းဖြစ်၍ ဆွဲထားကြောင်း လျှောက်တင်၊ အနော်ရထာမင်းကြီး က အုတ်နှစ်ချပ်လပ်နေသော ဆုတောင်းပြည့်စေတီတော်ရှိရာ ယခု တောင်ပြုန်း နယ်ကို ရွှေဖျဉ်းညီနောင်(မင်းကြီး၊ မင်းလေး) တို့အား အပိုင်စားပေးခဲ့သည်ဆို၏။ ဤသည်တို့ကား ပုဂံ၊ ပုပ္ပား၊ ဗျတ္တပန်းဆက်လမ်းနှင့် မဇ္ဈိမသကနတ်ပန်း အကြောင်း စဉ်းစားရင်း စီကာရီကာပေါ်လာသော၊ ဖတ်ဖူးမှတ်ဖူးခဲ့သော ပုဂံရာဇဝင်ထဲက ဖြစ်ရပ်များ၊ ရာဇဝင်လား၊ ဒဏ္ဍာရီပေပဲလား၊ သို့တည်းမဟုတ် တုတ်ထမ်းပြီး ပြောရတော့မည်လား မသိတော့ပါ။



အရှေ့ဖွားစောကျေးရွာ အဝင်လမ်းအား နှစ်ပေ မြေသားထုတင်နေသည့်လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

**မြင်းကပါခေတ်မီစံပြကျေးရွာ (Smart Village)**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသ ကြီးအသီးသီး၌ ခေတ်မီစံပြကျေးရွာ (Smart Village) များ ထူထောင်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာသည် စံပြကျေးရွာ အဖြစ် ရွေးချယ်ခြင်းခံရပြီး လုပ်ငန်းများအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွာတွင်းလမ်းများ ပြုပြင်ခြင်း၊ အုတ်စီရေမြောင်းများ ဆောင်ရွက်ပေး ခြင်း၊ Slab Culvert များ ပြုလုပ်ခြင်းတို့ကို လတ်တလော အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသည်။ ရွာတွင်းလမ်း ပြုပြင်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ထူထောင်ထားသည့် စံပြကျေးရွာများအနက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အလားအလာရှိသည့် ကျေးရွာများကို ဦးစားပေးအလိုက်ဖော်ထုတ်၍ လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)ကို အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြင်းကပါကျေးရွာသည် အာဆီယံနိုင်ငံများအတွင်း လူမှုစီးပွားဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေး ဆိုင်ရာ ကျေးရွာကွန်ရက်ချိတ်ဆက်မှုအတွက် ကျေးရွာများ သတ်မှတ်ရွေးချယ်ရာ၌ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသမှ အင်းပေါခုံရွာနှင့်အတူ ပါဝင်လျက် ရှိသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရင်း ယွန်းထည်လုပ်ငန်း မြင့်မားတိုးတက်လာစေရေးကိုလည်း အားပေး ကူညီဆောင်ရွက်ပေးရမည်။ ဇူလိုင်လ ၁၁ ရက်နေ့ နံနက်ပိုင်းတွင် မနူဟာဘုရားအနီး ဓမ္မာရုံတစ်ခုတွင် ဖွင့်လှစ်သင်ကြားပေးနေသော ညှော့လမ်းညွှန်၊ ညှော့လမ်းပြသင်တန်းသို့ ဝင်ရောက်ကြည့်ရှုအားပေး ရင်း ဆရာဦးသန်းဇော် (ရှေးဟောင်းသုတေသီ)နှင့် သင်တန်းသား သင်တန်းသူများကို နှုတ်ဆက်ခဲ့ ပါသည်။

**ကုန်းတန်းကြီး၊ ဖျောက်ဆိပ်ပင်နှင့် သန့်စင်ကြယ်**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ကျေးရွာများ၏ အဝင်လမ်းများ၊ ရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်ပေးရမည့် ကျေးရွာများထဲတွင် ကုန်းတန်းကြီးကျေးရွာနှင့် ဖျောက်ဆိပ်ပင်ကျေးရွာ များလည်း အပါအဝင်ဖြစ်၏။ ကုန်းတန်းကြီးကျေးရွာ အဝင်လမ်းကမူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း လေးဖာလုံခင်းရန် ရန်ပုံငွေခွင့်ပြု ထားပြီးဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုဇူလိုင်လကုန်တွင် ပြီးစီးမည်ဖြစ်သည်။ ကုန်းတန်းကြီးကျေးရွာအထိ ကျန်လမ်း ၁/၀မိုင်ကို လည်းကောင်း၊ ကုန်းတန်းကြီးလမ်းသို့ လာရောက် ဆက်သွယ်မည့် ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း သုံးဖာလုံကိုလည်းကောင်း ကွန်ကရစ်လမ်းအဖြစ် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကုန်းတန်းကြီး၊ ဖျောက်ဆိပ်ပင်နှင့် သန့်စင်ကြယ်ရွာ များသည် ကုန်းတန်းကြီးကျေးရွာအုပ်စုတွင် ပါဝင်ပြီး စုစုပေါင်းအိမ်ခြေ ၈၃၂ အိမ်၊ မြေပဲ/ နှမ်း ဆီထွက်သီးနှံစိုက်ဧက ၄၂၀၀ ကျော် ရှိနေပေသည်။ ကုန်းတန်းကြီးကျေးရွာမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လမ်းလုပ်ငန်းအကြောင်းရှင်းပြပြီး ဆီထွက်သီးနှံစိုက်ပျိုးရေးကိုလည်း အောင်မြင် အောင် ဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးသမဝါယမ အသင်းများဖွဲ့စည်း၍ လိုအပ်သည့် ကူညီထောက်ပံ့ မှုများပေးနိုင်ရန် ညှိနှိုင်းမှာကြားခဲ့ပါသည်။

**အရှေ့ဖွားစော၊ အနောက်ဖွားစောနှင့် နတ်ကြို့အိုင်**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနက တာဝန်ယူဆောင်ရွက်မည့် ကျေးရွာကိုးရွာမှ လမ်းများအနက် ပထမဦးစားပေး ခြောက်လမ်းထဲ တွင် ပါဝင်နေသော အရှေ့ဖွားစောကျေးရွာအဝင်မှ ဇေယျဝေရီကန်သို့သွားသောလမ်းအား ဂျင်းကျောက် ခင်းခြင်းကို ပြီးခဲ့သည့် ဇွန်လထဲမှာပင် စတင် ဆောင်ရွက်နေပြီဖြစ်သည်။ ယခုတစ်ခေါက်တွင်မူ လမ်းအရှည် ၁/၃ မိုင်အနက် အနိမ့်ပိုင်း ပေ ၅၂၀၀ အား မြေသား နှစ်ပေထုတင်ခြင်းလုပ်ငန်း စတင် ဆောင်ရွက်နေမှုနှင့် ပေ ၈၀ ရေကျော်၊ ပေ ၅၀ ရေကျော်၊ ပေ ၁၅၀ ရေကျော် တည်ဆောက်ပေးမည့် နေရာတို့ကို လိုက်လံကြည့်ရှု၍ အချိန်မီပြီးစီးရေး၊ ယာဉ်/ ယန္တရားလိုအပ်ချက်၊ ရာသီဥတုနှင့် လုပ်ငန်း ပမာဏကို တွက်ချက်ပြီး ဆောင်ရွက်မည့် ဦးစားပေး အစီအစဉ်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။

အနောက်ဖွားစောရွာ၏ ရွာတွင်းလမ်း ၂ ဒသမ ၆၅ ဖာလုံကိုမူ ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ရွာတွင်းလမ်းကိုကြည့်ရှုရင်း ကျေးရွာလူကြီးများနှင့် မိဖုရားဖွားစောအကြောင်း ပြောဖြစ်ခဲ့ကြသည်။ အနောက်ဖွားစောရွာတွင် အခြေခံပညာအလယ် တန်းကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းရှေ့၌ စံကိုက် ဘောလုံးကွင်းတစ်ကွင်း တွေ့ရ၍ ဆောင်ရွက်ပေးခဲ့ သူများကို ကျေးဇူးတင်လေးစားမိသည်။ ကျောင်း တိုင်းမှာ အားကစားကွင်းတစ်ခု ရှိဖို့ရာ လွယ်ကူသည် မဟုတ်ပါ။ ထိုရွာမှတစ်ဆင့် နတ်ကြို့အိုင်ကျေးရွာ သို့ သွားခဲ့သည်။ ကနဦးတစ်ခေါက်က ရွာထိပ်ထိ မရောက်ခဲ့။ ထိုလမ်းပေါ်က ၂၀၂၄-၂၀၂၅ ခွင့်ပြုရန်ပုံ ငွေဖြင့် ဆောင်ရွက်နေသော ပေ ၆၀ x ပေ ၂၀ ရေကျော်အမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှု ခဲ့ခြင်းဖြစ်သည်။ ယခုတစ်ခေါက်တွင်မူ ပြုပြင်ပေးရ မည့် လမ်းအခြေအနေနှင့် ရေကျော်အမှတ်(၂) တည်ဆောက်မည့်နေရာတို့ကို လိုက်လံကြည့်ရှုခဲ့ပါ သည်။ ရွာထိပ်သို့ ရောက်သောအခါ ဆိုင်းဘုတ်မှာ ရေးသားထားသောအမည်က နတ်ကြို့အိုင်ဟူ၏။ အောက်ကမြစ်မပါသဖြင့် နတ်ကြို့အိုင်ဟု ကျွန်တော် တို့ အခေါ်အဝေါ်လွဲနေတာ သတိပြုမိသည်။ အချို့ ကလည်း နွားကြိုးအိုင်ဟု ခေါ်နေကြသည်။ စုက္ကတေးမင်းနှင့် စီးချင်းမထိုးမီ နတ်ကောင်း နတ်မြတ် များက အနော်ရထာမင်းအား ကြို့ဆိုခဲ့ကြသည်ကို အစွဲပြုခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ဒေသခံတို့က ဆို၏။

**ပုဂံအလှရှာပုံတော်**

ရေတွက်လျှင်x x x ရွှေလက်ပင်ညောင်း x x x လှည်းဝင်းရိုးသံတည်ညံ ပုဂံဘုရားပေါင်း x x x စာဆိုရှိသည် အဓိပ္ပာယ်လှယ်ယူမည် x x xလေးသန်း လေးသိန်းလေးသောင်း ခြောက်ထောင့်ခုနစ်ရာ သုံးဆယ့်သုံးဆူတည်ထား x x x ရှိခြားခဲ့ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်းများစွာကပင် ရေဒီယိုမှာ နားထောင်ခဲ့ရသည့် ပုဂံအလှရှာပုံတော် သီချင်း။ စန္ဒရားဦးလှထွတ် ရေးဖွဲ့သီကုံးပြီး တေးသံရှင်ကြီး ဒေါ်ချိုဝေလွင်က သီဆိုခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုစုဝေးရာအမှန် x x x ပုဂံမြို့အလှ x x x အဝေးကပင် မြင်နိုင်ပါသည်ဆိုသည့် တေး စာသားများ။ စုလစ်မွမ်းချွန် x x x လက်ရာမွန်သည် x x x မြန်မာနိုင်ငံမှသည် ကမ္ဘာပြိုင်စံရှားသည် x x x တွေ့မြင်သူတိုင်း လက်ဖျားခါလောက်သည် x x x အနုအလှ ပန်းပုပန်းချီ တုမမီနိုင်ပြီ x x x ပန်းရန်မှာ ဆိုလည်း အမှန်သာလို့ပဲ ယနေ့တိုင် အထင်အရှား x x x ဝင့်ကြွားစွာရှိသည် x x x ပုဂံမြို့လို့ နိုင်ငံတကာ ထင်ပေါ်သည် စသည့်တေးစာသားများကို သီဆို ထားသည့် အစ်မကြီး ဒေါ်ချိုဝေလွင်၏ အသံနှင့်အတူ ငယ်စဉ်ကပင် ပုဂံအလှကို မှန်းမျှော်၍ ရှာခဲ့ဖူးသည်၊ စိတ်ကူးဖြင့် ရောက်ခဲ့ဖူးသည်။ ယခုအခါတွင်မတော့ ပုဂံအလှကို ခံစားရုံသက်သက်မျှ မဟုတ်ဘဲ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များဖြင့် ပူးပေါင်းပါဝင် အလှဆင်ခွင့် ရခဲ့ပါပြီ။ ရွာတွင်းလမ်းတွေ သာသာယာယာ ဖြစ်အောင် ဖန်တီး ပုံဖော်ပေးမည်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီး ဌာနများနှင့် လက်တွဲဆောင်ရွက်မည်။ ဒေသခံများ၏ လူမှုစီးပွားဘဝ မြင့်မားရေးကိုလည်း တတ်စွမ်းသမျှ ထောက်ကူပေးမည်။ ကျွန်တော်ချစ်သော ပုဂံဒေသ အမြဲထာဝရ လှနေစေချင်ပါသည်။ ။

# ဒုတိယဝန်ကြီး ဦးရဲတင့် နိုင်ငံတကာအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အအုံနှင့် အထက်မြန်မာပြည် ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့က အထက်မြန်မာပြည် ပုံနှိပ်စက်ရုံ(မန္တလေး)ကို ရောက်ရှိပြီး ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှု(ယာပုံ)၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေး ဆောင်ရွက်မှု၊ ပုံနှိပ်ပြီးစာရွက်စာတမ်းများ ထားသိုမှုနှင့် ယခုဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်မည့် ဂိုဒေါင်တစ်လုံး ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။



ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းပေါ်ရှိ နိုင်ငံတကာအနုပညာ ဗဟိုဌာန (မန္တလေး) အဆောက်အအုံ၏ လုပ်ငန်းနှင့် Steel Structure များ သံချေး မတက်စေရန် ဆေးသုတ်ခြင်း တည်ဆောက်ပြီးစီးသည့်အပိုင်းများ ကြံ့ခိုင်မှုရှိရေး ထိန်းသိမ်း ဆောင်ရွက်နေမှု၊ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည့် ကိစ္စများကို ညှိနှိုင်းဆွေးနွေး မှာကြားခဲ့သည်။ **သတင်းစဉ်**

# တနင်္သာရီမြို့နယ်၌ ကျောင်းသူ ကျောင်းသားများအား သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းရေး အသိပညာပေး

**တနင်္သာရီ ဇူလိုင် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်က ကြီးမှူး၍ တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၄ ရက်က မိုးရာသီကာလသစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုခြင်းနှင့် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ အသိပညာပေးဟောပြောသည်။

သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများ အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများနှင့် ဆရာမများထံ ဖြန့်ဝေပေးကြပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းက သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူး၊ ပျိုးပင်တစ်ပင်ဖြစ်တည်ရန် လိုအပ်သည့်အခြေခံအချက်များ၊ စိုက်ပျိုးပင်များကို သစ်တောဥပဒေ/နည်းဥပဒေများဖြင့် ထိန်းသိမ်းကာကွယ်ခြင်း စသည့် ဗဟုသုတရဖွယ် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# စစ်ကိုင်းမြို့နယ် မြသိန်းတန်ဘုရားအနီးရှိ ကျေးရွာသုံးရွာကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးပြီး ဒေသခံပြည်သူ ခြောက်ဦးကို ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ထိခိုက်သေဆုံးမှုရှိခဲ့သည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မြသိန်းတန်ဘုရားအနီးရှိ ရှားရောင်းကျေးရွာ၊ မင်းကွန်း(မြောက်)ရွာနှင့် မင်းကွန်း(တောင်)ရွာတို့ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ မီးရှို့ဖျက်ဆီးမှုကြောင့် ဈေးဆိုင်ခန်းများနှင့် နေအိမ်အများအပြား မီးလောင်ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ခြောက်ဦးထက်မနည်းကိုလည်း ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မင်းကွန်းကျေးရွာအနီးသို့ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သောနယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထို့နောက် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်မှုကြောင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးရာ လမ်းတစ်လျှောက်ရှိ လျှပ်စစ်မီးကြိုးများကို ဖျက်ဆီးခဲ့ခြင်းကြောင့် နေအိမ်အချို့တွင် ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ခဲ့ရာ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သော်လည်း အဆိုပါမီးလောင်မှုကြောင့် ကျေးရွာအတွင်း ရေပေးဝေသည့် ရေပိုက်လိုင်းများ မီးလောင်ပျက်စီးခဲ့ကြောင်း၊ နေအိမ်ခြောက်လုံးမှာလည်း မီးလောင်ပျက်စီးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများသည် ဘုရားစေတီပုထိုးများကို ဖူးမြော်ကြည်ညိုရန် လာရောက်သည့် ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိသည့် စစ်ကိုင်းမြို့နယ် မင်းကွန်းကျေးရွာကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် အကြမ်းဖက်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူဆယ်မြို့ လွယ်တိန်ခမ်းဘိုးဘွားရိပ်သာနှင့် မေတ္တာတော်စံအိမ် မိဘမဲ့ဂေဟာတို့အတွက် ငွေလှူဒါန်း

**မူဆယ် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ခရိုင်/မြို့နယ် စုပေါင်းရုံးခန်းမ၌ လွယ်တိန်ခမ်း ဘိုဘွားရိပ်သာနှင့် မေတ္တာတော်စံအိမ် မိဘမဲ့ဂေဟာတို့အတွက် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ရာ မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင် ဦးခွန်သာစုက ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် သိန်း ၉၀ ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းကာခမ်းနှင့် စောင့်ရှောက်မှုကော်မတီဥက္ကဋ္ဌတို့က လက်ခံရယူသည်။ ဆက်လက်၍ မေတ္တာတော်စံအိမ် မိဘမဲ့ဂေဟာအတွက် အလှူငွေကျပ် သိန်း ၉၀ ပေးအပ်လှူဒါန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကိန်မိုင်နှင့် ဂေဟာတာဝန်ခံတို့က လက်ခံရယူသည်။ မူဆယ်မြို့ လွယ်တိန်ခမ်းဘိုးဘွားရိပ်သာအတွက် ယနေ့အထိ လှူဒါန်းငွေရရှိမှုမှာ စုစုပေါင်း ငွေကျပ် ၇၀၂၄၆၆၀၀၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **ချယ်ရီမြေ(မူဆယ်)**



# ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်း

**ရန်ကုန် ဇူလိုင် ၂၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂) အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း စိမ်းလဲ့မေရိပ်သာ လမ်းသွယ်ရှိ အဆိုပါရုံး၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂) ဌာနမှူး ဦးမောင်မျိုးက အမှာစကားပြောကြားပြီး အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၂) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယမင်းမောင်မောင်က ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။



ယင်းအခွန်ဆိုင်ရာ ရှင်းလင်းပွဲသို့ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ဟန်းဆက်အရောင်း၊ ရွှေဆိုင်နှင့် မီဒီယာလုပ်ငန်းများလုပ်ကိုင်ကြသည့် ကုမ္ပဏီ ၃၉ မှ တာဝန်ရှိသူ ၁၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **အာကာလင်း**

## ရွှေကျင်မြစ်ရေနှင့် ရွှေကျင်မြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၄**

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အောက် သုံးပေခွဲကျော်ခန့် (၁၁၀ စင်တီမီတာ)တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် (သောကြာနေ့)ညတွင် မိုးရာသီနှင့်သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ဌာနအဆိုရှင်များနှင့် ပြင်ပတေးသံရှင်များ စုပေါင်း၍ "မိုး" တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေး အကြောင်းကြားပါသည်-

(၂၆-၇-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မိုး" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မိုး | ဌာနအဆိုရှင် |
| ၂။ | အသဲခွဲမိုး | တူယှဉ်ွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၃။ | မရွာနဲ့ဦးမိုး | တူယှဉ်ွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | အမှတ်တရလမ်းကလေး | ပြင်ပအဆိုရှင် |
| ၅။ | ကြိုးကြာသံ | ပြင်ပအဆိုရှင် |
| ၆။ | တိမ်တွေငိုတဲ့နေ့ | ပြင်ပအဆိုရှင် |
| ၇။ | အသဲဖျက်မယ့်မိုး | ပြင်ပအဆိုရှင် |
| ၈။ | ကိုယ်စောင့်နတ် | ပြင်ပအဆိုရှင် |
| ၉။ | ရာသီပြောင်းချိန် | ပြင်ပအဆိုရှင် |
| ၁၀။ | လေညာရပ်ကအချစ် | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ ဟိုင်းဆင်ဒူးဝါးလမ်း၊ မြေကွက်အမှတ် (၇၆၅/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးညွန့်အောင် (၁၂/ဗဟန (နိုင်) ၀၃၄၃၆၆) (CE-၀၄၈၅၃၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝတ်ရည်မြင့် (၁၂/ရကန (နိုင်) ၀၅၉၆၈၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂)

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။**
**ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

### ပတ်စ်ပို့ပျောက်

(ဘ) ဦးလှဆွေ ၏သား မောင်စိုင်းဝဏ္ဏ(၁၂/ပဇတ(နိုင်)၀၃၆၈၇၈) ၏ နိုင်ငံကူးလက်မှတ် အမှတ် (MF 860804) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၅၄ ၂၆၂ ၈၁၇

### ပတ်စ်ပို့ပျောက်

(ဘ) ဦးဆလူးဝမ်း(ခ)လှအောင် ၏သား မောင်နေလင်းအောင် (၁၂/ပဇတ(နိုင်)၀၄၀၈၇၂) ၏ နိုင်ငံကူးလက်မှတ် အမှတ်(MF 969506) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၉၅၄ ၂၆၂ ၈၁၇

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-ခ/၄၃၊ ၄၇ x ၄၈ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-ခ/၄၄၊ ၄၇ x ၄၈ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၄၁၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ သုံးလက်မခန့်(ရှစ်စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ -၂၀ )
စလင်းမြို့နယ်တရားရုံးတော်
၂၀၂၄-ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၄၂

မရွှန်းလဲ့ဝင်းနိုင် (တရားလို ) နှင့် ကိုရန်လင်းထိုက် (တရားပြိုင်များ)

ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့၊ စက်ကြီးတန်းရပ်ကွက်၊ စက်ကြီးတန်းလမ်းနေ ကိုရန်လင်းထိုက် (ဘ)ဦးအေးသွင် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ ပြန်လွှင့်ရပ်နေ တရားလို မရွှန်းလဲ့ဝင်းနိုင် က "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရလင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄-ခုနှစ်၊ ဩဂုတ်လ ( ၆ ) ရက်၊ (၁၃၈၆-ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄-ခုနှစ်၊ ဇူလိုင် လ (၂၃ ) ရက်နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငွေသိန်း)
တွဲဖက်မြို့နယ်တရားသူကြီး
စလင်းမြို့နယ်တရားရုံး

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ်(၁-ခ/၄၉) ၄၇ x ၄၈ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ်(၁-ခ/၅၀) ၄၇ x ၄၈ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၃/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ခွဲ)ဇီးတောGrade-10 တွင် ပညာသင်ကြားနေသော မောင်စွမ်းမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင် ၈/ပဖန(နိုင်)၀၉၆၀၈၆ ဖြစ်ပါကြောင်း။ ဦးအောင်ခိုင်

**စာအုပ်စာပေ လူ့မိတ်ဆွေ**

### ပတ်စ်ပို့ပျောက်

ပွင့်ဖြူမြို့နယ်၊ သက်တော်ရှည်ရပ်ကွက်နေ (ဘ) ဦးစိုးမြင့် ၏ သမီး မလှိုင်သဇင်ထွန်း ၈/ပဖန (နိုင်)၁၀၃၉၃၆) ၏ နိုင်ငံကူး လက်မှတ်အမှတ် (MF 620292) နှင့် (ဘ) ဦးစိုးမြင့် ၏သမီး မမိုးမိုးမြတ်(၈/ပဖန(နိုင်)၁၂၁၃၃၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 620293) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၄၁ ၁၀၁ ၅၈၅

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၁၅ ကျပ် | ၂၄၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၃၅ ကျပ် | ၂၉၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၈၅ ကျပ် | ၂၇၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၀၅ ကျပ် | ၂၈၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၈၀၀ | ၆၂၈ | ၅၅၂၅၉၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၅၀၄ | ၁၇၆၆၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၇၅၀ | ၉၄၀၉ | ၁၆၀၉၅၃၀၀ |
| TMH | ၂၈၀၀ | ၂၇၅၀ | ၅၅ | ၁၅၁၅၀၀ |
| EFR | ၁၈၀၀ | ၁၇၅၀ | ၂၄၀ | ၄၂၀၆၀၀ |
| AHPC | ၄၇၀၀ | ၄၈၀၀ | ၄၂၉ | ၂၀၁၆၈၀၀ |
| MAEPC | ၃၆၅၀ | ၃၅၀၀ | ၁၇၅၉ | ၆၃၀၃၂၀၀ |

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်နေသော ကြက်ခြေနီအသင်းပိုင် သိုလှောင်ရုံများတွင် အထောက်အပံ့ပေးရန်အတွက်လိုအပ်သော အထောက်အပံ့ပစ္စည်းများကို ဝယ်ယူနိုင်ရန် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများထုတ်ယူရမည့် အချိန်နှင့်နေ့ရက်** - (၂၅-၇-၂၀၂၄)ရက် နံနက်(၁၀) နာရီမှ ညနေ (၄)နာရီအထိ

**တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့်အချိန်နှင့်နေ့ရက်** - (၇-၈-၂၀၂၄)ရက် နံနက်(၁၀)နာရီမှ ညနေ(၄နာရီအထိ

**တင်ဒါပုံစံများနောက်ဆုံးတင်သွင်း- ရမည့်အချိန်နှင့်နေ့ရက်** (၁၄-၈-၂၀၂၄)ရက် နံနက်(၁၀)နာရီမှညနေ(၄)နာရီအထိ

တင်ဒါပုံစံများကို ထုတ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ ထောက်ပံ့ပို့ဆောင်ရေးနှင့်ဝယ်ယူဖြည့်တင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုဌာန မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်- ၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၃။ တင်ဒါစည်းမျဉ်း စည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်ကိုသိရှိရန် ဖုန်းအမှတ်-၀၁-၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀(လိုင်းခွဲ-၁၁၉) (သို့) ၀၉-၇၉၈၈၉၆၅၁၅ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ အထက(ပိန်းဇလုပ်) G-12(B) မှ မအိသိမ့် ၏ဖခင်အမည်မှန်မှာ ဦးကိုလတ် ၉/မလန (နိုင်) ၁၁၂၉၅၆ ဖြစ်ပါကြောင်း။

**ဦးကိုလတ်**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11မှ မချောစန္ဒီခင်၏ဖခင်အမည်မှန်မှာ ဦးဖြိုးဝေနိုင် ၈/ပခက(နိုင်)၂၃၄၇၅၇ ဖြစ်ပါကြောင်း။

**ဦးဖြိုးဝေနိုင်**

## ကုမ္ပဏီဖျက်သိမ်းကြောင်းကြေညာခြင်း

SANDAR THEINGI LOGISTICS CO.,LTD ၏ မန်နေဂျင်းဒါရိုက်တာ ဖြစ်သူ ဦးသန်းနိုင်ဦး ၁၂/သကတ (နိုင်)၀၂၀၁၈၅ သည်(၂၄-၄-၂၀၂၄)ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဤကုမ္ပဏီအား ဖျက်သိမ်းမည်ဖြစ်ပါကြောင်း အများသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**Sandar Theingi Logistics Co.,Ltd**
**ဖုန်း-၀၉-၂၆၀၃၇၀၉၀၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-ခ/၁၄၊ ၄၇x၄၈ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-ခ/၁၅၊ ၄၇x၄၈ကြား၊၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်) ၀၂၃၀၃၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်ရှိ ဦးအောင်ခင်ဦး၊ ဒေါ်စုစုမာ ၈/မထန(နိုင်) ၀၇၉၅၁၀ တို့၏သမီး မဆင့်ဆင့်အောင် ၈/အလန(နိုင်) ၂၃၄၅၇၈သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ စိတ်ဆင်းရဲအောင် အမျိုးမျိုးအကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မဆင့်ဆင့်အောင်နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမှ လုံး၀(လုံး၀) မိဘမောင်နှမများက တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကြည်စိုးဟန် (ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၀၅၃/၂၀၁၄)**
**အမှတ်(၇၆၂)၊ တိုးချဲ့ရပ်ကွက်၊ အောင်လံမြို့၊ ဖုန်း-၀၉-၄၅၇၄၀၅၉၈၉**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## လှည်းကူးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄

| | | |
|---|---|---|
| မြန်မာဘီယာလုပ်ငန်းလီမိတက် MYANMAR BREWERY LIMITED | နှင့် | ၁။ ဟောလ်မတ်(ခ်) ကုမ္ပဏီလီမိတက် HALLMARK COMPAN YLIMITED<br>၂။ ဗိုလ်မှူးကြီးမြင့်ဆွေ (ငြိမ်း) |
| (ဒီကရီအနိုင်ရသူ) | | (တရားရှုံးများ) |

အမှတ်-၂၃/၁၂၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ)(၁) တရားပြိုင် ဟောလ်မတ်(ခ်)ကုမ္ပဏီလီမိတက် HALLMARK COMPANY LIMITED၊ (၂) တရားပြိုင် ဗိုလ်မှူးကြီးမြင့်ဆွေ(ငြိမ်း) သိစေရမည်။

ကမာရွတ်ခရိုင်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆုတ် ၁၁ ရက်နေ့) မွန်းမတည့်မီ ၁၁:၃၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၈၃-ခ)၊ ကုလားတန်းအကွက်၊ ဦးပိုင်အမှတ် (၁၃၉-က)၊ ဧရိယာ(၀.၀၂၈)ဧကရှိ ဦးစိုးဝင်းအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၉)ရပ်ကွက်၊ ကံကုန်းကုလားစု၊ အမှတ်(၂၄၆)နေ ဒေါ်ဆွေဆွေလတ်မှ ဘိုးဘပိုင်မြေအမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ဤသတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ မင်္ဂလာဦးလမ်းသွယ် အကွက်အမှတ် (ရ/တိရစ္ဆာန်မွေးမြူရေးရပ်)၊ ဦးပိုင်အမှတ် ၂၃၊ ဧရိယာ ၀.၁၅၆ ဧကအနက် အရှေ့အနောက် ၉၀ ပေ၊ တောင်မြောက် (၃၅ပေ)ရှိ အိမ်ရာမြေကွက်နှင့် ၎င်းအိမ်ရာမြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံ အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့အား ဒေါ်စိန်ငွေး ၁၃/တကန(နိုင်)၁၈၉၈၆၉၊ နေရပ် ၃၁/၉၊ ယင်းမာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့မှ လက်ဝယ်ထားရှိပြီး ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မြေစာရင်းဦးစီးဌာနရုံးတွင် ဂရန်ခွဲအမည်ပေါက်ရရှိရန် လျှောက်ထားဆဲဖြစ်၍ ၎င်းအနေဖြင့် ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ပြောဆိုထားသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထွေးထွေးဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၅၅၁၁)**
**Building 11, MICT Park**
**Hlaing Township, Yangon Myanmar**
**09-975579590, 09-5003738, 09-5018678, 09-5152603**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/5525 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၅) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၇/တောင်ပိုင်း)၊ ဦးပိုင်အမှတ် (၅၆၆)၊ မြေဧရိယာ (၀.၀၅၅) ဧကရှိမြေအား ဦးတင်ဝင်းအမည်ဖြင့် လူနေထိုင် အသုံးပြုရန်အတွက် မြေငှားဂရန် (အသစ်)လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါ သည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**မော်လမြိုင်ကျွန်းမြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/8606, DAGON KYAW L/T (DK-LT-001,PICK UP (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်း ၁၂/ဗဟန(နိုင်)၀၁၆၇၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ Insulation Oil for Power Transformer များဝယ်ယူရန် တင်ဒါအမှတ် 47(T)/DPTSC(PSD)/2024-2025 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၇-၈-၂၀၂၄)ရက် ညနေ ၄ နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-ခ/၁၉၊ ၄၇x၄၈ကြား၊၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ကျော်စိုး ၉/မရတ(နိုင်)၀၂၈၅၄၅က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၇၅၃)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေ x ၆၀ပေ)ရှိမြေကွက် (မြေကွက်အမှတ် -၇၅၄နှင့်ကပ်လျက်)နှင့်တကွ ယင်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကိုတရားဝင်လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ ဒေါ်ချိုချိုသင်း ၁၂/မဂတ(နိုင်) ၀၃၈၉၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင်ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၃၈)**
**အမှတ်(၃၆)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၀၇၈၅၄**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ သံဘိုအုပ်စု၊ အထက(ခွဲ) ကန်ရှည်ကျောင်း Grade-10 မှ မလဲ့အိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးမင်းထွန်း ၈/မကန(နိုင်)၃၄၃၂၂၈ ဖြစ်ပါကြောင်း။

**ဦးမိုးမင်းထွန်း**

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့၊ ဆေးရုံကွက်သစ်နေ ဦးဝင်းမြင့်၏သမီး ဒေါ်ခင်သက်သက်ညွှန့် ၉/ရမသ(နိုင်)၀၈၅၁၁၃ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၁၉၇၄ ဖြစ်ပါကြောင်း။

**ဒေါ်ခင်သက်သက်ညွှန့်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၇-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၅)၊ ကညန၊ ခရိုင်ရုံး (တောင်ငူ)၏ မော်တော်ယာဉ် မှတ်ပုံတင် (ကမ-၃) စာအုပ်ပျောက် မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 73W/9287 အစား 73W/19287 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အထက(ဘာဘူကုန်း)ကျောင်း Grade-3မှ မောင်ညီလေး၊ Grade-4မှ မောင်ရာဂျ်၊ Grade-9မှ မမိုးမိုး၊ Grade-12မှ မချိုချိုတို့၏ ဖခင်အမည်မှန်မှာ ကျောင်းဝင်မှတ်ပုံတင် "ခ" စာရင်းအရ ဦးရာဒေရှမ်းဖြစ်ပြီး ၇/ကတခ(ပြု) ၀၀၀၂၇၉ အရ ဦးရာဒေစရမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

စဉ့်ကိုင်မြို့နယ်၊ ကြက်လျှာကျေးရွာနေ ဒေါ်သန်းရင် ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ပျောက်ဆုံး၍ ဒုတိယ(မူရင်း) မိတ္တူမှန်(အသစ်) ထုတ်ပေးပါရန် လျှောက်ထားတင်ပြလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၁)ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သန်းရင် ၉/စကတ(နိုင်)၀၁၂၀၂၅**
**ဖုန်း-၀၉-၄၀၄၃၈၂၄၉၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ်(၃၁/၁)၊ ဧရိယာ(၀ဒသမ ၀၃၆)ဧက၊ (၁၅၈၉)စတုရန်းပေ၊ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်လှိုင်(ဘ)ဦးတင်အောင် ၁၂/မဂဒ(နိုင်) ၀၃၆၉၁၅ အခန်း (G-4)၊ Golden Vally Residence ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊နေသူထံ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc,PGDL) | ဒေါ်ခင်မြတ်သူ(H.G.P,LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၆၂၇၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၁၀/မလမ(နိုင်) ၂၄၇၁၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၅၀၄၆၆ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်) ၂၃၇၂၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၅၀၇၃၉ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေအောင် ၁၀/ပမန(နိုင်) ၂၃၇၂၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ပတ်စ်ပို့ပျောက်

ဦးမောင်မောင်၏သမီးဖြစ်သူ ကျွန်မ နှင်းပွင့်နိုင် ၉/ခမစ(နိုင်) ၀၆၅၅၂သည် နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၀၆၃၀၈၈၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/3691, Toyota Alphard ANK 10, Vehicle Micro Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့ရည်ဝင်း ၁၂/မဟန(နိုင်) ၀၀၂၀၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖြည့်စွက်ဖတ်ရှုပါရန်

၁၄-၇-၂၀၂၄ရက် မြန်မာ့အလင်း သတင်းစာ စာ-၃၁ ငြင်းချက်ထုတ်ရန် သမ္မန်စာ ကြော်ငြာတွင် ရန်နိုင်မိုးထွန်း အစား (ရန်နိုင်မိုးထွန်း) မြို့နယ်တရားသူကြီးဟု ဖြည့်စွက်ဖတ်ရှုပါရန်။






## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ ဗိုလ်စိန်မှန်လမ်း၊ မြေကွက်အမှတ်-၇၉၃၊ ဦးတင်မောင်ရွှေ အမည်ပေါက် အကျယ်အဝန်း (၄၀'x၆၀') အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း) ' အကျယ်အဝန်း(၂၀'x၆၀') ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးအောင်နိုင်ထွန်း (၇/သဝတ(နိုင်) ၀၇၀၅၆၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းချမ်းစုရည် (LL.B.,D.B.L.,D.I.L.,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ် (၁၅ᶜ) မူယာပင်နွားပွဲဈေးကွက်၊ ဦးပိုင်အမှတ်-၆၇ᵍ၊ ဧရိယာ(၀.၃၄၈)ကေကျယ်ဝန်းသော မြေကွက်ကြီးအနက်မှ မြေဧရိယာ (၀.၀၃၀)ကေရှိ ဦးကျော်ထွန်း၊ ဒေါ်ခလေးမတို့အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ၎င်းတို့၏အမွေဆက်ခံသူ သားမက်ဖြစ်သော ဦးစိန်ဝင်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် မှတ်ပုံတင်စာချုပ်အမှတ် (၀၃၄/၂၀၂၄)ဖြင့် ဆောင်ရွက်ပြီးနောက် ဘိုးဘွားပိုင်မြေကွက်နှင့် နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်လွှဲပြောင်းရောင်းချသည့်စာချုပ်အား စာချုပ်မှတ်ပုံတင်အမှတ် (၀၆၄/ ၂၀၂၄)ဖြင့် ဦးအောင်အောင်၊ ဒေါ်မျိုးမျိုးသက်တို့ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပါသဖြင့် မြေကွက်ရရှိသူ ဦးအောင်အောင်၊ ဒေါ်မျိုးမျိုးသက်တို့မှ ၎င်းတို့အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်းလျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်အောင်၊ ဒေါ်မျိုးမျိုးသက်**
**အမှတ်(၃၃၉)၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ မြေကွက်အမှတ် (၂၅၀/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေ၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂၅/ခ)၊အောင်သပြေ(၂)လမ်း၊(၇/အရှေ့)ရပ်ကွက်၊သာကေတ မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံမှုဌာနတွင် ဦးသန်းညွန့် (၁၂/သကတ(နိုင်)၀၈၀၃၂၂) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဖခင်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် ၎င်း၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူ (၁) ဒေါ်ခင်ခင်ကြည် (၁၀/မလမ(နိုင်)၀၁၉၇၆၃)၊ (၂) ဦးဝင်းထွန်း (၁၀/ရမန(နိုင်)၀၆၃၅၂၃)၊ (၃) ဦးအောင်မြင့် (၁၂/သကတ(နိုင်)၁၀၄၈၅၁)၊ (၄) ဒေါ်ဝင်းမြင့်သန်း (၁၂/သကတ(နိုင်)၁၃၇၉၆၆)၊ (၅) ဒေါ်အေးအေးမော် (၁၂/သကတ(နိုင်)၁၃၇၉၆၈)၊ (၆) ဒေါ်စန်းစန်းဝင်း (၁၂/ သကတ(နိုင်)၁၃၇၉၆၇)တို့မှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး ယနေ့ အချိန်ထိလည်း မိမိတို့မှသာလျှင် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီးပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာ ပါသည့် ရက်မှစ၍ ( ၇-ရက်)အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ Ph: 09-783535003**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 83W/88740,Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၁၄/မမန (နိုင်) ၂၆၈၁၉၈က ဖောင်းကြွ နံပါတ်ပြားပျောက်လျှောက်ထားလာပါသဖြင့် ဤ ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/31498, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီဝင်း ၁၃/ရစန(နိုင်)၀၀၂၄၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/50644, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်အေး ၁၄/ ကကထ (နိုင်)၁၅၀၃၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သဃ်န်းကျွန်းခရိုင်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇၀

ဦးထွန်းထွန်းစိုး နှင့် ၁။ မောင်ဆွဲအုံ့ ၂။ ဦးထွန်းဦး
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဧဋ္ဌီလ ၄ လမ်း၊ အမှတ်-၇၈၇ နေ (ယခုနေရပ်လိပ်စာမသိ)သူ အမှတ်(၁)တရားပြိုင်ဖြစ်သော မောင်ဆွဲအုံ့ သိစေရမည်။

